# ကြေးမုံ
The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)


၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်၊ စနေနေ့။ Saturday, 26 July 2025 ၁၁၈၉၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ

## တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်ရေး၊ စိုက်ပျိုးရေးပိုင်းတွင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး သက်ဆိုင်ရာဌာနအလိုက် ပညာရှင်များက သုတေသနလုပ်ငန်းများ စနစ်တကျ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၅

အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး (၁/ ၂၀၂၅)တွင် အမှာစကားပြောကြားစဉ်။

အစည်းအဝေးသို့ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံနှင့် ဒေါက်တာမျိုးသိန်းကျော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ယနေ့ ဖတ်စရာ

ဒီဂျစ်တယ်နည်းလမ်းဖြင့် တိုးတက်မှုကိုလျင်မြန်စွာကျော်ဖြတ်နိုင်ခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် တိုးတက်နိုင်စေသည့် အဓိကအချက်တစ်ခုဖြစ် စာမျက်နှာ » ၅

သစ်ပင်စိုက်ပျိုးခြင်းဖြင့် အနာဂတ်ကို စောင့်ရှောက်ကြပါစို့ ဆောင်းပါး စာမျက်နှာ » ၁၀

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် MDY-PDF အဖွဲ့ဝင် ၁၅ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက် စာမျက်နှာ » ၉

လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် စာစစ်ဌာနများမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို မြန်မာ့အသံမှ ထုတ်လွှင့်ကြေညာပေးမည် စာမျက်နှာ » ၁၁

ကြေးမုံ

# အစွန်းရောက်ရာသီဥတုဖြစ်စဉ်များကြောင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးသတိပြု

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တိုင်းထွာချက်များအရ လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံအရှေ့ပိုင်း နယ်စပ်ဒေသများကို ဖြတ်ကျော်နေသော လေဖိအားနည်းဆဲလ်၏အရှိန်များကြောင့်လည်းကောင်း၊ ဇူလိုင်လ ၂၄ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဖြစ်ပေါ်နေသည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားလာပြီး ပိုမိုအားကောင်းလာကာ အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ်မှ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေသို့အရောက်တွင် မုန်တိုင်းငယ်အဖြစ် ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းထားသည်။

အစွန်းရောက်ရာသီဥတုဖြစ်စဉ်များနှင့်အတူ မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ မိုးလေဝသခန့်မှန်းချက်အရ ဇူလိုင်လ ၂၄ ရက်နေ့ညမှ ဇူလိုင်လ ၂၈ ရက်နေ့အတွင်း မြန်မာနိုင်ငံအတွင်းရှိ နေပြည်တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအများစုတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်ကျား မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၄ ပေမှ ၁၆ ပေခန့်အထိရှိနိုင်သည်ဟု အသိပေးထားသည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သည်ဟု အသိပေးထုတ်ပြန်ထားသည်။ ဇူလိုင်လ ၂၄ ရက်နေ့မတိုင်မီကလည်း တရုတ်၊ ဗီယက်နမ်နိုင်ငံဘက်မှ ဖြစ်ပေါ်ခဲ့သော ဝိဖာမုန်တိုင်းအရှိန်ကြောင့် မြန်မာနိုင်ငံ အရှေ့ပိုင်းနှင့် မြောက်ပိုင်းဒေသအချို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေ၊ ချောင်းရေများတက်လာသောကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ ဒေသခံပြည်သူအချို့ ထိခိုက်သေဆုံးမှုအချို့ဖြစ်ပေါ်ခဲ့သည်။ ဇူလိုင်လ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့၌ ရုတ်တရက် လေပွေတိုက်ခတ်သဖြင့် မော်တော်ယာဉ်အချို့ ထိခိုက်ပျက်စီးပြီး ရန်ကုန်မြစ်အတွင်း ခရီးသွားစက်လှေနစ်မြုပ်မှုဖြစ်ပေါ်ကာ လူအချို့ပျောက်ဆုံးလျက်ရှိသည်။

ရှမ်းပြည်နယ်အရှေ့ပိုင်း မြို့နယ်အချို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကားလမ်းပေါ်သို့ တောင်ပြိုကျမှုဖြစ်ပွားခြင်း၊ လမ်းများရေဖုံးလွှမ်းခြင်း၊ အနိမ့်ပိုင်းနေရာများတွင် ရေဝင်ရောက်မှုဖြစ်ပွားခြင်းစသည့်ဖြစ်စဉ်များကြောင့် ပြည်သူအချို့အား ရေဘေးလွတ်ရာသို့ ယာယီရွှေ့ပြောင်းပေးထားရသည်။ ဇူလိုင်လ ၂၄ ရက်နေ့က လေပွေလှိုင်းတိုက်ခတ်မှုကို ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အချို့မြို့နယ်များ၌ ကြုံတွေ့ခဲ့ရပြီး ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။

ဇူလိုင်လ အစောပိုင်းကာလကတည်းက မုတ်သုံမိုး အလွန်အားကောင်းနေမှု၊ မိုးတိမ်တောင်များဖြစ်ပေါ်မှု၊ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းများဖြစ်ပေါ်မှု၊ တောင်တရုတ်ပင်လယ်ပြင်နှင့် ကုန်းတွင်းပိုင်းတွင် မုန်တိုင်းဖြစ်ပေါ်မှုစသည့် အရှိန်များကြောင့် မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများဖြစ်ပေါ်နေသည်မှာ ရက်များရှည်ကြာနေပြီဖြစ်သည်။ ပြည်သူများအနေဖြင့် မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှု သဘာဝဘေးအန္တရာယ်များကို သတိပြုရှောင်ရှားကြရန်လိုအပ်သည့်အပြင် မိုးရာသီကာလ၌ ဖြစ်ပွားတတ်သည့် ကျန်းမာရေးဆိုင်ရာ ရောဂါဖြစ်ပွားမှုအမျိုးမျိုးကိုလည်း သတိပြုလိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ယခုကာလတွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် မိုးရွာသွန်းမှုအခြေအနေများ ရက်ရှည်ကြာလျက်ရှိရာ နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို ကျန်းမာရေးမှအစ သတိပြုကြရမည်ဖြစ်သည်။ ဖော်ပြပါဖြစ်စဉ်များကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့် ဒေသများတွင်နေထိုင်ကြသည့် ပြည်သူများအနေဖြင့် ကုန်းမြင့်ဒေသတွင် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် ရေကြီးရေလျှံမှုအန္တရာယ်နှင့် ရုတ်တရက်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို အသိပေးထုတ်ပြန်ချက်များအား သတိပြုမှတ်သားပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် အသိပေးနှိုးဆော်အပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဟောက်ခန့်ဆုမ်းအား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၅**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့ တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့် လျှောက်ထားလာသည့် အဖွဲ့ ၂၇ ဖွဲ့ရှိပြီး လျှောက်ထားသည့် အဖွဲ့များအနက် နိုင်ငံရေးပါတီ ၂၂ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၂၂ ပါတီအနက် ဦးအောင်ကြည်မြိုင် ခေါင်းဆောင်သည့် **မျိုးဆက်သစ်ဝံသာနုပါတီ**က ပါတီတည်ထောင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာသည်။

ယင်းသို့ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့် နိုင်ငံရေးပါတီ ၂၀ အနက် ပါတီ ၁၅ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်

**နေပြည်တော် ဇူလိုင် ၂၅**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁၂ ပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း သုံးပေခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်၊ ဘားအံမြို့နယ်၊ မြဝတီမြို့နယ်၊ ဘီးလင်းမြို့နယ်၊ မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၅-၇-၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၃၀၀ | ၇,၃၀၀ | ၆၅၂ | ၄,၇၅၉,၆၀၀ |
| MTSH | ၃,၄၀၀ | ၃,၃၅၀ | ၄,၃၅၁ | ၁၄,၆၅၃,၃၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၁,၉၅၀ | ၂,၀၀၀ | ၃,၇၁၈ | ၇,၂၅၀,၆၅၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၂,၃၈၂ | ၆,၁၉၃,၂၀၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၃၉၄ | ၆၅၀,၁၀၀ |
| AMATA | ၃,၆၀၀ | ၃,၆၀၀ | ၂၄၁ | ၈၄၄,၆၀၀ |
| MAEX | ၃,၃၀၀ | ၃,၃၀၀ | ၆၁၈ | ၂,၀၃၉,၄၀၀ |
| MADPL(PLB) | ၂,၉၅၀ | ၂,၉၅၀ | ၄၅၀ | ၁,၃၂၇,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ခင်းကျင်းပြသထားသည့် နေပြည်တော်ကောင်စီနယ်မြေမှ ထုတ်လုပ်လျက်ရှိသည့် ဒေသထွက် MSME ထုတ်ကုန်များနှင့် ပြည်ပသို့ တင်ပို့လျက်ရှိသည့် တန်ဖိုးမြင့် MSME ထုတ်ကုန်များကို ကြည့်ရှုအားပေးစဉ်။

☆ ရှေ့ဖုံးမှ

အမှာစကားပြောကြားရာတွင် MSME လုပ်ငန်း ကော်မတီအစည်းအဝေးများကို ကျင်းပလာခဲ့သည်မှာ ငါးကြိမ်ရှိခဲ့ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် အရေးပါသည့် ဆုံးဖြတ်ချက်များ ချမှတ်၍ သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့များနှင့် အေဂျင်စီများ ချိတ်ဆက်ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်ပါ MSME လုပ်ငန်းများ ပိုမိုစနစ်ကျပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်အတွက် လိုအပ်သည်များကို ဆွေးနွေးရန်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏အဓိကစီးပွားရေးမှာစိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြစ်ကြောင်း၊ အဆိုပါကဏ္ဍမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်ရေး၊ စိုက်ပျိုးရေးပိုင်းတွင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေးအတွက် သက်ဆိုင်ရာဌာနအလိုက် ပညာရှင်များက သုတေသနလုပ်ငန်းများကို စနစ်တကျ ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ မွေးမြူရေးပိုင်းတွင်လည်း အသား၊ ငါး၊ ဥ၊ နို့နှင့် နို့ထွက်ပစ္စည်းများ သတ်မှတ်အရည်အသွေးပြည့်မီစေရေးအတွက် အစာ၊ ဆေး၊ ကုသမှု၊ ပြုစုမှုအပိုင်းများတွင် သုတေသနလုပ်ငန်းများ ကြပ်မတ်လုပ်ဆောင်သွားရန်လိုကြောင်း။

ထိုသို့ဆောင်ရွက်ရာ၌ နိုင်ငံတော်က ပံ့ပိုးပေးရမည့်အပိုင်းတွင် နိုင်ငံတော်ကိုယ်စား မိမိတို့ လုပ်ငန်းကော်မတီအပါအဝင် သက်ဆိုင်ရာ MSME လုပ်ငန်းအဖွဲ့ဝင်များက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေကြသည့် MSME လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ပံ့ပိုးကူညီပေးပြီး ချိတ်ဆက်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များ လိုအပ်သည့် နည်းပညာ၊ လူသားအရင်းအမြစ်များ လုံလောက်စွာရရှိရေးအတွက် နည်းပညာများ အသိပညာပေးရေးနှင့်ပြန့်ပွားရေးတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် ငွေကြေးအရင်းအနှီးများ စိစစ်ပံ့ပိုးပေးနိုင်ရေးနှင့် အခြားလိုအပ်ချက်ဖြစ်သည့် ပြည်ပဈေးကွက်ကို ချိတ်ဆက်ပေးပြီး ဈေးကွက်ခိုင်မာစွာရရှိရေး ဆောင်ရွက်ပေးရမည့်တာဝန်မှာ မိမိတို့၏တာဝန်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း လုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သည့် နည်းပညာနှင့် လူသားအရင်းအမြစ်များကို စက်မှုဝန်ကြီးဌာနနှင့် အေဂျင်စီများ ပူးပေါင်း၍ ဖွင့်လှစ်သင်ကြားပေးနေသည့် နည်းပညာဆိုင်ရာ သင်တန်းများနှင့် ဆွေးနွေးပွဲများမှ ရယူရမည်ဖြစ်ကြောင်း၊ ထို့ပြင် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် MSME လုပ်ငန်းများနှင့် သက်ဆိုင်သည့် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်သားများကို ကျွမ်းကျင်လုပ်သားများနှင့် နည်းပညာရလုပ်သားများဖြစ်စေရန် လေ့ကျင့်သင်ကြားပေးကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အနာဂတ်တွင် လုပ်ငန်းများနှင့် ပတ်သက်၍ ထဲထဲဝင်ဝင်သိရှိပြီး မိမိကိုယ်ကို ရေရှည်ရပ်တည်နိုင်ရန်အတွက် KG+9 အောင်မြင်ပြီးသူများကို စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အထက်တန်းကျောင်းများ ဖွင့်လှစ်ကာ သင်ကြားပေးလျက်ရှိကြောင်း၊ ယင်းအပိုင်းကို အစိုးရပိုင်းနှင့် လုပ်ငန်းရှင်များက နှစ်ဦးနှစ်ဖက် ဟန်ချက်ညီညီဖြင့် လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ငွေကြေးအရင်းအနှီးကိစ္စနှင့်ပတ်သက်၍ နိုင်ငံအတွင်းရှိ လုပ်ငန်းရှင်များအနေဖြင့် လုပ်ထုံးလုပ်နည်းများ၊ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့်အညီ MSME ချေးငွေများရယူရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးသွားသည့် လုပ်ငန်းရှင်များအနေဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ လုပ်ဆောင်ရန် ငွေကြေးအရင်းအနှီး လိုအပ်ကြောင်း၊ ချေးငွေများထုတ်ချေးရန်အတွက် ချေးငွေစည်းမျဉ်းစည်းကမ်းများ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများအရ ကန့်သတ်ချက်များရှိကြောင်း၊ အဆိုပါ ကန့်သတ်ချက်များအနက်မှ ဖြေလျှော့ပေးသင့်သည်များကို ဖြေလျှော့ပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ MSME ချေးငွေအဖြစ် ငွေကျပ် ဘီလီယံ ၁၇၀ အနက်မှ ဘီလီယံ ၁၅၀ ကို MSME ချေးငွေအဖြစ် ထုတ်ချေးပေးလျက်ရှိပြီး ဘီလီယံ ၂၀ ကို MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က MSME ချေးငွေထုတ်ချေးရာတွင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီသည့် လုပ်ငန်းရှင်များအား ထုတ်ချေးပေးရန် လမ်းညွှန်ထားကြောင်း၊ ပုဂ္ဂလိကဘဏ်များသည် MSME ချေးငွေလုပ်ငန်းများ လုပ်ဆောင်ရာတွင် သီးခြားဖြစ်နေရာမှ ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ၏ ညှိနှိုင်းပေးမှုများကြောင့် ယခုအခါ ပုဂ္ဂလိကဘဏ် ၁၈ ဘဏ်က MSME ချေးငွေများ ဆောင်ရွက်ပေးသွားမည်ကို လုပ်ငန်းရှင်များအား အသိပေးပြောကြားလိုကြောင်း၊ အာမခံလုပ်ငန်းတွင် မူလသတ်မှတ်ချက်အဖြစ် မြန်မာငွေကျပ် သန်း ၂၀ ခွင့်ပြုထားရာမှ ယခုအခါ ညှိနှိုင်းဆွေးနွေးမှုများအရ သန်း ၅၀ ချေးနိုင်ရန်အတွက် SOP ရေးဆွဲလျက်ရှိပြီး အာမခံကုမ္ပဏီများက ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ယင်းသည် နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်ရန်အတွက် တစ်စိတ်တစ်ပိုင်းမှ ပါဝင်ပြီး လုပ်ငန်းရှင်များ၏ လုပ်ငန်းများ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်ရန်အတွက် ပုဂ္ဂလိကဘဏ်လုပ်ငန်းရှင်များက နိုင်ငံ့အကျိုးရှေးရှုလျက် ပူးပေါင်းပါဝင်ခြင်းဖြစ်ကြောင်း။

လုပ်ငန်းရှင်များအနေဖြင့် ရရှိလာသည့်ချေးငွေများကို အကျိုးရှိရှိဖြင့် မိမိတို့၏ MSME လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် မဖြစ်မနေ လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိထုတ်ကုန်များကို ပြည်တွင်းအတွက်သာမက ပြည်ပအတွက်ပါ ရည်ရွယ်၍ ကြိုးစားထုတ်လုပ်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ထုတ်လုပ်သွားနိုင်ရေး ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်ရှိသည့် အေဂျင်စီများက လုပ်ငန်းရှင်များကို အသိပညာပေး၍ တွန်းအားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယနေ့ခေတ်သည် ဒစ်ဂျစ်တယ်ခေတ်ဖြစ်သည့်အတွက် အွန်လိုင်းစနစ်ဖြင့် အရောင်းအဝယ်များ ပြုလုပ်လျက်ရှိကြောင်း၊ ထို့ကြောင့် လုပ်ငန်းရှင်များက မိမိတို့၏ ထုတ်ကုန်များကို ပြည်ပသို့ တင်ပို့နိုင်သည့် အရည်အသွေးမီ တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ပြီး ဈေးကွက်ချိတ်ဆက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ပြည်ပနှင့် ဈေးကွက်ချိတ်ဆက်ပေးနိုင်ရေး မိမိတို့လုပ်ငန်းကော်မတီနှင့် အေဂျင်စီများက ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ယခင်ကျင်းပခဲ့သည့် MSME ပြပွဲနှင့် ပြိုင်ပွဲများတွင်လည်း One Stop Service ဖြင့် ပြည်ပပို့ကုန်တင်ပို့လိုသည့် လုပ်ငန်းရှင်များကိုမိမိတို့၏ စီးပွားရေးသံမှူးများမှတစ်ဆင့် ချိတ်ဆက် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ချိတ်ဆက်မှုအရ ပို့ကုန်ပေးပို့မှုအပေါ် နိုင်ငံတကာကုမ္ပဏီများနှင့် လုပ်ငန်းကိစ္စဘဏ်များနှင့် ချိတ်ဆက်ရသည့်ကိစ္စရပ်များ၌ Interact ဝန်ဆောင်မှုနှင့် ဒစ်ဂျစ်တယ်နည်းပညာရပ်များ၊ စီးပွားရေးဆိုင်ရာ အသုံးချရယူရမည့် နည်းပညာပိုင်းများကို မဖြစ်မနေ ကျွမ်းကျင်စွာ တတ်မြောက်အသုံးပြုတတ်ရန် လိုအပ်ပါကြောင်း။

လုပ်ငန်းရှင်များအနေဖြင့် ကျွမ်းကျင်လုပ်သားများဖြင့် စံချိန်စံညွှန်းမီထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ပညာရှင်များဖြင့် နည်းပညာများကို သင်ကြားပေးသွားရမည်ဖြစ်ကြောင်း၊ နည်းပညာများကို အသိပညာပေး သင်ကြားသူများအနေဖြင့်လည်း အလွယ်တကူ သိလွယ်၊ တတ်လွယ်သည့် သင်ကြားမှုအပိုင်းများနှင့် ဆွေးနွေးမှုအပိုင်းများဖြင့် သင်ကြားဆွေးနွေးပေးရန် လိုအပ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသည့်အချက်မှာ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန်ဖြစ်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများကလည်း သင်တန်းများဖွင့်လှစ်၍ လုပ်ငန်းရှင်များနှင့် လုပ်သားများအား နည်းပညာများ၊ စီမံခန့်ခွဲမှုပိုင်းနှင့် ဈေးကွက်ရရှိမှုဆိုင်ရာ စွမ်းရည်များတိုးတက်လာစေရန် သင်တန်းအမျိုးအစား ၄၄၁ မျိုးကို ဖွင့်လှစ်သင်ကြားလျက်ရှိပြီး သက်ဆိုင်ရာဝန်ကြီးဌာန Website များတွင် ဝင်ရောက်လေ့လာနိုင်ကြောင်း၊ သင်တန်းအကြိမ်အရေအတွက် စုစုပေါင်း ၇၂၇၃ ကြိမ် ဖွင့်လှစ်ခဲ့ရာ သင်တန်းသားစုစုပေါင်း ၁၅၀၈၁၉ ဦး တက်ရောက်ခဲ့ကြောင်း၊ အဆိုပါသင်တန်းများအပြင် MSME ကဏ္ဍ၌ လိုအပ်သည့် စွမ်းရည်များ တိုးတက်လာစေရန် ယခုထက် ပိုမိုတိုးတက်ဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း၊ နိုင်ငံအတွင်းရှိသည့် MSME လုပ်ငန်းများနှင့် မှတ်ပုံတင်လုပ်ငန်းများအရေအတွက်ကို ကြည့်မည်ဆိုပါက လျော့နည်းနေသည့်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း။

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းတို့မှ MSME လုပ်ငန်းများ၊ MSME နှင့် ဆက်စပ်သည့် စက်ရုံ၊ အလုပ်ရုံများ၊ သီးခြားပုဂ္ဂလိက စက်မှုလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ပျက်စီးမှုအမျိုးအစား တစ်ခုချင်းအလိုက် အသေးစိတ်စာရင်းပြုစု၍ နိုင်ငံတော်အကြီးအကဲထံ

စာမျက်နှာ ၄ သို့ »»

❖ **MSME ချေးငွေအဖြစ် ငွေကျပ် ဘီလီယံ ၁၇၀ အနက်မှ ဘီလီယံ ၁၅၀ ကို MSME ချေးငွေအဖြစ် ထုတ်ချေးပေးလျက်ရှိပြီး ဘီလီယံ ၂၀ ကို MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးပြုဆောင်ရွက်လျက်ရှိ**

❖ **နိုင်ငံတော်ဝန်ကြီးချုပ်က MSME ချေးငွေထုတ်ချေးရာတွင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီသည့် လုပ်ငန်းရှင်များအား ထုတ်ချေးပေးရန် လမ်းညွှန်ထား**

❖ **ပုဂ္ဂလိကဘဏ်များသည် MSME ချေးငွေလုပ်ငန်းများ လုပ်ဆောင်ရာတွင် သီးခြားဖြစ်နေရာမှ ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ၏ ညှိနှိုင်းပေးမှုများကြောင့် ယခုအခါ ပုဂ္ဂလိကဘဏ် ၁၈ ဘဏ်က MSME ချေးငွေများ ဆောင်ရွက်ပေးသွားမည်ကို လုပ်ငန်းရှင်များအား အသိပေးပြောကြား**

»»» စာမျက်နှာ ၃ မှ

တင်ပြရာ ချက်ချင်းချေးငွေထုတ်ပေးရန် သဘောတူခဲ့ကြောင်း၊ ထိုသို့ ချေးငွေထုတ်ပေးရာတွင် အပိုင်းနှစ်ပိုင်းရှိကြောင်း၊ ပထမအပိုင်းအနေဖြင့် MSME ချေးငွေအဖြစ် ငွေကျပ်ဘီလီယံ ၁၅၀ ဖြစ်ကြောင်း၊ ဒုတိယပိုင်းအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေတို့မှ ငွေကျပ်ဘီလီယံ ၅၀၀ အပါအဝင် ဗဟိုဘဏ်မှ ဘီလီယံ ၂၀၀ တို့ပါဝင်သည့် မြေငလျင်ပြန်လည်ထူထောင်ရေး ရန်ပုံငွေတို့ဖြစ်ပြီး SOP ရေးဆွဲလျက်ရှိကြောင်း၊ ငလျင်ဘေးကြောင့် ပျက်စီးသွားခဲ့သည့် MSME လုပ်ငန်းများ၏ စိန်ခေါ်မှုမှာ ချေးငွေနှင့်ပတ်သက်၍ မူလချေးငွေများကို အချို့က အချိုးကျပြန်ဆပ်သည်များရှိပြီး အချို့က ပြန်မဆပ်နိုင်သည်များ ရှိသည့်အပြင် အချို့လုပ်ငန်းရှင်များက နေရာစုံမှ ငွေကြေးချေးငှားမှုများ ရှိနေမှုအပေါ် စိစစ်ရသည်များလည်း ရှိပါကြောင်း၊ မည်သို့ပင်ဆိုစေကာမူ လုပ်ငန်းရှင်များအနေဖြင့် အရင်းအနှီး ပြန်လည်ထူထောင်ရေးကိစ္စတွင် အခက်အခဲများရှိပါက အေဂျင်စီများမှတစ်ဆင့် လုပ်ငန်းကော်မတီသို့ တင်ပြစေလိုကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ထားသည့် မိမိလုပ်ငန်းနှင့် ဒေသမှထွက်သည့် ကုန်ကြမ်းကို အခြေခံပြီး တန်ဖိုးမြင့်ကုန်ချောများ ထုတ်လုပ်နိုင်ရန်နှင့် ပြည်တွင်းသုံးစွဲမှုမှတစ်ဆင့် ပြည်ပသို့ အရည်အသွေးမြင့်ထုတ်ကုန်များ တိုးမြှင့်တင်ပို့နိုင်သည်အထိ ရည်ရွယ်ပြီး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အမျိုးသားရေးရည်မှန်းချက်(၂) ရပ်ဖြစ်သည့် "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး"တို့ကို စီးပွားရေး ဦးတည်ချက်များနှင့် ချိတ်ဆက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ MSME စီးပွားရေးလုပ်ငန်းများကို ပြည်တွင်းထုတ်ကုန်အားပေးမြှင့်တင်ရေး၊ သွင်းကုန်အစားထိုးရေးနှင့် အမယ်သစ်ပို့ကုန်ရရှိရေးဟူသည့် ရည်ရွယ်ချက်များဖြင့် အလေးပေးဆောင်ရွက်ရန်နှင့် MSME လုပ်ငန်းများ ပိုမိုအားပေးမြှင့်တင်နိုင်ရန်အတွက် မူဝါဒပိုင်းဆိုင်ရာများ၊ နည်းပညာပိုင်းဆိုင်ရာများနှင့် ငွေကြေးအရင်းအနှီးများ ပံ့ပိုးဆောင်ရွက်ပေးပြီး စီးပွားရေးဝန်းကျင်ကောင်းများ ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး အခြေခံထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၏ ထုတ်ကုန်အမျိုးအစားများအလိုက်တူညီသည့် အမျိုးအစား၊ ထုတ်ကုန်များကို စုစည်းနိုင်မှသာ တစ်နှစ်ထွက်ရှိနိုင်သည့် တစ်နိုင်ငံလုံး တစ်နှစ်ထုတ်လုပ်ရရှိနိုင်မည့်ပမာဏ ကိန်းဂဏန်းကိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ထိုအချက်များအပေါ်မူတည်၍ ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် စီမံရာတွင် သက်ဆိုင်ရာပို့ကုန်အမယ်များအလိုက် နိုင်ငံတကာဈေးကွက်မှ သတ်မှတ်လိုအပ်ချက်များနှင့် ကိုက်ညီစေရေး စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ထိုသို့ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတကာကဈေးကွက်တွင် ယုံကြည်မှုရှိသည့် ဈေးကွက်နှင့်ဖောက်သည်အဖြစ်ကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့အာမခံချက်ဖြင့် ဈေးကွက်ရှာဖွေသည့် အဆင့်သို့ရောက်ရှိအောင် ကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ အေဂျင်စီများက MSME လုပ်ငန်းရှင်များကို ကူညီပံ့ပိုးပေးသွားရမည်ဖြစ်ကြောင်း၊ စနစ်တကျဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး MSME လုပ်ငန်းဖြစ်ရန်အတွက် အားလုံးဝိုင်းဝန်းကြိုးစား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ပံ့ပိုးပေးရမည့်အပိုင်းနှင့် လုပ်ငန်းရှင်များက ပြန်ပြီးတုံ့ပြန်ပေးရမည့်အပိုင်းများကို ကြန့်ကြာမှုမရှိဘဲ မူဘောင်အတွင်းမှ အဆင့်ဆင့်ချိတ်ဆက်ပြီး အချိန်နှင့်တစ်ပြေးညီ ပူးပေါင်း ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူးစက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က လုပ်ငန်းကော်မတီ အစည်းအဝေး(၂/၂၀၂၄) အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသို့ တင်ပြမည့်အမှာစာများကို လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ အေဂျင်စီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်တို့က ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဒေါက်တာချာလီသန်းတို့က MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့်လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ MSME ချေးငွေဆိုင်ရာ ကိစ္စရပ်များ၊ MSME လုပ်ငန်းတာဝန် ၁၄ ရပ်နှင့် စပ်လျဉ်း၍ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ MSME လုပ်ငန်းများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် အသင်းအဖွဲ့များမှပညာရှင်များက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များနှင့် လမ်းညွှန်ချက်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်လျက်ရှိမှု၊ ပြည်ပကုန်စည်ပြပွဲများတွင် MSME ထုတ်ကုန်များ ပါဝင်ပြသခဲ့မှု၊ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှု၊ ပြည်တွင်း၊ ပြည်ပဈေးကွက်သုတေသနလုပ်ငန်း ဖွံ့ဖြိုးရေးလုပ်ငန်းများ အားပေးဆောင်ရွက်လျက်ရှိမှု၊ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် MSME လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေးလိုအပ်သည့် အကူအညီများဆောင်ရွက်ပေးနေမှု၊ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၊ မူဘောင်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ရှင်းလင်းဆွေးနွေး တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

**တန်ဖိုးမြင့် MSME ထုတ်ကုန်များကို လိုက်လံကြည့်ရှုအားပေး**

အစည်းအဝေးအပြီးတွင် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အစည်းအဝေး တက်ရောက်လာကြသူများနှင့်အတူ ခင်းကျင်းပြသထားသည့် နေပြည်တော် ကောင်စီနယ်မြေမှ ထုတ်လုပ်လျက်ရှိသည့် ဒေသထွက် MSME ထုတ်ကုန်များနှင့် ပြည်ပသို့ တင်ပို့လျက်ရှိသည့် တန်ဖိုးမြင့် MSME ထုတ်ကုန်များကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**





လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ပြောကြား**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုရှိရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရန်၊ ပြည်သူအပေါ် ကျောသားရင်သားမခွဲခြားဘဲ ဥပဒေနှင့်အညီ မျှတစွာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်၍တာဝန်ရှိသူများ၏အသိပညာပေးရှင်းလင်းဆွေးနွေးမှုများကို သေသေချာချာလေ့လာမှတ်သားပြီး မရှင်းလင်းသည့်အချက်များရှိပါက ပွင့်ပွင့်လင်းလင်း မေးမြန်းဆွေးနွေးကြရန်လိုကြောင်း၊ ယခုရှင်းလင်းဆွေးနွေးပွဲမှရရှိမည့် အသိအမြင်၊ ဗဟုသုတများကို မိမိကိုယ်တိုင်သိရှိနားလည်သကဲ့သို့ မိမိမှတစ်ဆင့် မိမိပတ်ဝန်းကျင်၊ မိမိအဖွဲ့အစည်းသို့ ပြန်လည်မျှဝေပေးကြရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်က နိုင်ငံ့ဝန်ထမ်းတိုင်း အဂတိလိုက်စားမှု၏ ဘေးအန္တရာယ်နှင့် သဘောသဘာဝများကို သိရှိရှောင်ကြဉ်ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် အဂတိလိုက်စားမှုကိုလက်မခံသည့်၊ ဖြောင့်မတ်တည်ကြည်မှုရှိသည့် လူမှုအသိုက်အဝန်းကို ဖန်တီးဖော်ဆောင်ကြရန် ရှင်းလင်းပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးကြပြီး မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲအပြီးတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) အဖွဲ့ဝင်များနှင့် အဆိုပါခန်းမ၌ တွေ့ဆုံပြီး CPU အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များအပေါ် သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကင်းပညာရေးဒီဂရီကောလိပ်၌ လူငယ်စကားဝိုင်း ကျင်းပ

**ရန်ကင်း ဇူလိုင် ၂၅**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရန်ကင်းပညာရေးဒီဂရီကောလိပ်တို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကင်းမြို့နယ်ရှိ ရန်ကင်းပညာရေးဒီဂရီကောလိပ်မြတ်ပညာခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကင်းပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာငြိမ်းသီအောင်က အဖွင့်အမှာစကားပြောကြားပြီး လူငယ်စကားဝိုင်းကိုဆက်လက်ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကင်းမြို့နယ်ဦးစီးမှူး ဒေါ်လှလှထွေးနှင့် ရန်ကင်းပညာရေးဒီဂရီကောလိပ် လူမှုရေးရာဘာသာရပ်များဌာန ပါမောက္ခဒေါ်တင်တင်ဝင်းတို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ရန်ကင်းပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် စာပေ၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် ကျန်းမာရေး၊ မူးယစ်ဆေးဝါး၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်စာရိတ္တ စသည့် ခေါင်းစဉ်များဖြင့် ပါဝင်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးပေးခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

## ဒီဂျစ်တယ်နည်းလမ်းဖြင့် တိုးတက်မှုကိုလျင်မြန်စွာကျော်ဖြတ်နိုင်ခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် တိုးတက်နိုင်စေသည့်အဓိကအချက်တစ်ခုဖြစ်





နေပြည်တော် ဇူလိုင် ၂၅

ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ကျင်းပရာ ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။

ဦးစွာ ကော်မတီနာယကက ဒီဂျစ်တယ်စီးပွားရေး (Digital Economy) သည် ယခုအခါတွင် ကမ္ဘာ့ GDP ၏ အနည်းဆုံး ၁၅ ရာခိုင်နှုန်းကို ပံ့ပိုးပေးနေပြီဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် ၂၅ ရာခိုင်နှုန်းကျော်အထိ တိုးတက်လာနိုင်သည်ဟု World Economic Forum မှ ခန့်မှန်းထားကြောင်း၊ ဒီဂျစ်တယ်နည်းလမ်းဖြင့် တိုးတက်မှုကိုလျင်မြန်စွာကျော်ဖြတ်နိုင်ခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် တိုးတက်နိုင်စေသည့် အဓိကအချက်တစ်ခုဖြစ်သည်ဆိုသည့်အချက်မှာ မငြင်းသာကြောင်း။

မြန်မာနိုင်ငံတွင် နိုင်ငံတော်အဆင့် ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ (Digital Economy Development Committee–DEDC) ကို ဖွဲ့စည်းထားပြီး DEDC ကော်မတီအနေဖြင့် “မြန်မာဒီဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀”ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင်ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ အဆိုပါလမ်းပြမြေပုံသည် မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားကြရမည့် ကိစ္စရပ်များအတွက် မဟာဗျူဟာမျှော်မှန်းချက်တစ်ရပ်၊ မဟာဗျူဟာ ရည်မှန်းချက်တစ်ရပ်၊ အဓိကရည်ရွယ်ချက်ခြောက်ရပ်၊ ဦးစားပေးကဏ္ဍကြီးကိုးခု၊ မဟာဗျူဟာမဏ္ဍိုင်ကိုးခု၊ မဟာဗျူဟာပန်းတိုင် ၂၂ ခု၊ လုပ်ငန်းစဉ် ၇၇ ခု တို့ကို ၂၀၃၀ ပြည့်နှစ်အထိ ရည်မှန်း၍ ဖွဲ့စည်းရေးဆွဲထားခြင်းဖြစ်ကြောင်း။

လက်ရှိတွင် အဆိုပါလုပ်ငန်းစဉ် ၇၇ ခုအနက် DEDC ၏ သက်ဆိုင်ရာလုပ်ငန်းကော်မတီ(Working Committees)များအနေဖြင့် ၎င်းတို့နှင့် သက်ဆိုင်သော လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကာလတို၊ ကာလလတ်၊ ကာလရှည် အချိန်ဇယားများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြမည်ဟုယုံကြည်ပါကြောင်း၊ DEDC အဖွဲ့ဝင်များအားလုံးအနေဖြင့် ကျရာကဏ္ဍစုံမှ တက်ညီလက်ညီဖြင့် အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးခြင်းသည် မိမိကော်မတီ၏ လုပ်ငန်းပြီးမြောက်ခြင်းအကျိုးအတွက်သာမက အမိမြန်မာနိုင်ငံတော်အတွက် ဒီဂျစ်တယ်စီးပွားရေး အနာဂတ်တစ်ခုကို ဖန်တီးနိုင်စေရန် အရေးပါဆုံးသောအချက်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့အစည်းအဝေးတွင် သက်ဆိုင်ရာကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ပွင့်လင်းစွာတင်ပြပေးကြရန်နှင့် အဖွဲ့ဝင်တစ်ဦးချင်းစီ၏ တာဝန်ယူမှု၊ တာဝန်သိစိတ်ဖြင့် လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်မှုများဖြင့် မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်စီးပွားရေးအနာဂတ်ကို ပိုမိုကောင်းမွန်အောင် ပုံဖော်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက Living Document အဖြစ် အတည်ပြု ထုတ်ပြန်ထားပြီးဖြစ်သည့် မြန်မာဒီဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ ပါ လုပ်ငန်းရပ်များကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီများအနေဖြင့် သတ်မှတ်ကာလများအလိုက် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းကော်မတီများအလိုက် လက်ရှိဆောင်ရွက်နေမှုအခြေအနေ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးစေလိုသည့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီအောက်ရှိ လုပ်ငန်းကော်မတီငါးခုတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ်ဆောင်ရွက်ပြီးစီးမှု၊ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေကိုလည်းကောင်း၊ တက်ရောက်လာကြသူများက ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ DEDC ကော်မတီနာယကက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် အသက်(၁၀၉)နှစ်ရှိ အဘွားအားအလှူပစ္စည်းများ ပေးအပ်



ပန်းတနော် ဇူလိုင် ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ယနေ့မွန်းလွဲပိုင်းတွင် ပန်းတနော်မြို့ အနောက်ပိုင်းရပ်ကွက်နေ အသက် (၁၀၉)နှစ် အဘွားဒေါ်စောကြည် နေအိမ်သို့သွားရောက်၍ အလှူပစ္စည်းများ ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပန်းတနော်မြို့နယ်ရှိ ဦးသန့်စာကြည့်တိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (ပန်းတနော်) ရွှေနော်သီရိခန်းမ၌ Myanmar Electronic Voting Machine (MEVM) တပ်ဆင် ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းအမှတ်စဉ် (၆/၂၀၂၅) ပို့ချနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများကြီးကြပ်ရေးကောင်စီအစည်းအဝေး ကျင်းပ





နေပြည်တော် ဇူလိုင် ၂၅

လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီအစည်းအဝေး(၁/၂၀၂၅)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပတ္တမြားခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများကြီးကြပ်ရေးကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ တရားလွှတ်တော် ရှေ့နေများကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယစာရင်းစစ်ချုပ်၊ ကောင်စီဝင်များနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများကြီးကြပ်ရေးကောင်စီ ဥက္ကဋ္ဌက လူမွဲခံယူခြင်းဆိုင်ရာလုပ်ငန်းများကို ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ သွက်လက်လျင်မြန်စွာ ဆောင်ရွက်နိုင်စေရန်နှင့် ကောင်စီ၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ လူမွဲခံယူခြင်းဆိုင်ရာလုပ်ငန်းစဉ်များ ထိရောက်စွာ စီမံခန့်ခွဲပြီး ဥပဒေပါ လုပ်ငန်းတာဝန်များကို အောင်မြင်စွာဆောင်ရွက်ရာတွင် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများသည် အဓိကပါဝင်ဆောင်ရွက်ရသူများဖြစ်ကြောင်း၊ အရည်အသွေးပြည့်ဝပြီး အများပြည်သူသို့ ဝန်ဆောင်မှုပေးနိုင်သည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ပေါ်ထွက်လာစေရေးသည် အလွန်အရေးကြီးသဖြင့် ကျွမ်းကျင်သူများ၏ ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး၊ ဥပဒေ၊ နည်းဥပဒေများ သိရှိနားလည်ပြီး လိုက်နာကျင့်သုံးနိုင်စေရေးကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

သို့ပါ၍ ကောင်စီဝင်များအနေဖြင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေပါ ရည်မှန်းချက်များကို အရည်အသွေးပြည့်ဝပြီး လုပ်ငန်းပိုင်းဆိုင်ရာနှင့် အပြုအမူပိုင်းဆိုင်ရာ ကျင့်ဝတ်များ လိုက်နာမှုအားကောင်းသည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများဖြင့် ဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေး အတွက် ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

**အမှာစကား ပြောကြား**

ထို့နောက် ကောင်စီဝင်များနှင့် တက်ရောက်လာသူများက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ အတည်ပြုရန်နှင့် မှတ်တမ်းတင်ရန်ကိစ္စများ၊ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအသင်း၏ ၂၀၂၅ ခုနှစ် နှစ်ဝက်ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးကြပြီး လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများကြီးကြပ်ရေးကောင်စီ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲနှင့် သစ်ပင်စိုက်ပွဲ ကျင်းပ





**နေပြည်တော် ဇူလိုင် ၂၅**

ပြည်ထောင်စုနယ်မြေရှိ မြစ်၊ ချောင်း၊ ဆည်တမံများအတွင်း ငါးသယံဇာတများ တိုးပွားလာစေရေး၊ ငါးမျိုးပြုန်းတီးမှုမဖြစ်ပေါ်စေရေး၊ သဘာဝရေပြင်နှင့် ကန်များတွင် ငါးမျိုးများ ရေရှည်စဉ်ဆက်မပြတ် တည်တံ့ခိုင်မြဲပြီး ငါးသယံဇာတ ပေါကြွယ်ဝစေရေး၊ နိုင်ငံတော်၏ ငါးထုတ်လုပ်မှု တိုးတက် မြင့်မားလာစေရေး တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးနိုင်ရန်ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့ ညနေပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိ မြို့နယ် ရန်အောင်မြင်ဆည်၌ ကျင်းပသည်။

**တက်ရောက်**

ငါးမျိုးစိုက်ထည့်ပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော်၊ ပြည်ထောင်စု ဝန်ကြီးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ငါးမျိုး စိုက်ထည့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ငါးသားပေါက်များကို ရန်အောင်မြင်ဆည်အတွင်း စတင်စိုက်ထည့်ပေးပြီး ပြည်ထောင်စု ဝန်ကြီးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ ဦးစီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများက ငါးမြစ်ချင်း၊ ငါးကြင်းဖြူ၊ မြက်စားငါးကြင်းနှင့် ငါးခုံးမ ငါးသားပေါက် အကောင်ရေ ၂၀၀၀၀ ကို ရန်အောင်မြင်ဆည်အတွင်း စိုက်ထည့်ပေးနေမှုကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထဲရေး ဝန်ကြီးဌာန၏ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို နေပြည်တော် ဥတ္တရသီရိမြို့နယ် တောင်ညိုသစ်တောကြိုးဝိုင်း အကွက်အမှတ် (၆၁) ပေါ်ရှိ မြေဧရိယာ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ခရေပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ တပ်ဖွဲ့/ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများက သတ်မှတ်နေရာ အသီးသီးတွင် သစ်ပင်များ စိုက်ပျိုးကြကာ ပြည်ထောင်စု ဝန်ကြီးက လှည့်လည်ကြည့်ရှုအားပေးသည်။

**စုပေါင်းစိုက်ပျိုး**

ပြည်ထဲရေးဝန်ကြီးဌာန အနေဖြင့် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၀ ရက်တွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် လယ်ဝေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းမြေနေရာ၌ ကျင်းပခဲ့ပြီး ကျွန်း၊ ပျဉ်းကတိုး၊ သရက်၊ စိန်ပန်းပြာ၊ ချယ်ရီ၊ ကျွဲကော၊ ပိန္နဲ စုစုပေါင်း ၁၀၆၅ ပင် စိုက်ပျိုးခဲ့ကာ ယနေ့ကျင်းပသည့် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ခရေ၊ စိန်ပန်း၊ ကုက္ကို၊ တမာ၊ ယမနေ၊ ငုစပ်၊ မန်ကျည်းရှား စုစုပေါင်း ၁၀၂၄ ပင် စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများ၏ ရုံးချုပ်များနှင့် တိုင်းဒေသကြီး /ပြည်နယ် အသီးသီးရှိရုံး/ဌာနများတွင်လည်း မိုးရာသီသစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်များ၊ အရိပ်ရလေကာပင်များ၊ သီးပင်စားပင်များကို တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြရာ ပြည်ထဲရေးဝန်ကြီးဌာန တစ်ခုလုံးအနေဖြင့် ဒုတိယအကြိမ် စိုက်ပျိုးပွဲတွင် သစ်ပင်စုစုပေါင်း ၇၇၆၈၉ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယအကြိမ် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

ငါးမျိုးများ ပြုန်းတီးမှုမဖြစ်ပေါ်စေရေး၊ ငါးသယံဇာတများ ရေရှည်တည်တံ့ပြန့်ပွားစေရေးနှင့် ငါးစားသုံးမှုဖူလုံစေရေးတို့ကို ရည်ရွယ်၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ဒုတိယအကြိမ် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနရုံး အဆောက်အအုံအနီးရှိ လျှိုပိတ်ဆည်တွင် ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့် အရာထမ်း/ အမှုထမ်းများ တက်ရောက်ကြသည်။

**ငါးမျိုးများစိုက်ထည့်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ငါးသားပေါက်များကို ဝန်ကြီးဌာနရှိ လျှိုပိတ်ဆည်အတွင်းစိုက်ထည့်ပေးပြီး အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများက အဆိုပါဆည်အတွင်းသို့ ငါးမျိုးများကို စိုက်ထည့်ပေးကြသည်။

ယနေ့ကျင်းပသည့် ဝန်ကြီးဌာန၏ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားတွင် ငါးခုံးမ၊ ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၁၀၀၀၀ ကို စိုက်ထည့်ခဲ့ကြပြီး ပထမအကြိမ်တွင် ငါးသားပေါက်ကောင်ရေ ၁၀၀၀ စိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





## တိုက်ကြီးမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**တိုက်ကြီး ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက် ၉ နာရီက ဥက္ကံမြို့ ကျွဲပုန်းလေးကျေးရွာ(ဗမာစု)နှင့် ပိန္နဲကုန်းကျေးရွာ ကျေးရွာချင်းဆက်လမ်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းစိုးနိုင်နှင့် သစ်တောဝန်ထမ်းများ၊ မြို့အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်နှင့် ဝန်ထမ်းများ၊ ဥက္ကံနယ်မြေလုံခြုံရေးတာဝန်ခံ ဗိုလ်မှူးသက်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများက ကျွဲပုန်းလေးကျေးရွာ(ဗမာစု) နှင့် ပိန္နဲကုန်းကျေးရွာသို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်းဘေး ဝဲ/ယာတစ်လျှောက်တွင် ပျဉ်းကတိုး၊ မဟော်ဂနီ၊ မန်ကျည်းရှား၊ စုစုပေါင်း အပင် ၃၄၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဇလွန်မြို့နယ်၌ မီးဘေးလုံခြုံရေး အသိပညာပေး

**ဇလွန် ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ မီးဘေးလုံခြုံရေး အသိပညာပေးဆောင်ရွက်ခြင်းကို ယမန်နေ့နံနက်ပိုင်းက စက်သုံးဆီအရောင်းဆိုင်များတွင် ကွင်းဆင်းဆောင်ရွက်သည်။

**အသိပညာပေး**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ ဒုတိယမီးသတ်ဦးစီးမှူး ချစ်လွင်ထွေးဦးဆောင်၍ သန္ဓေ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်းဆိုင်ရာ အသိပညာပေးအကြောင်းအရာများကို စက်သုံးဆီအရောင်းဆိုင်ဝန်ထမ်းများအား အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

**မိုးဟိန်းထက်**





## ပုလောမြို့၌ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား UID နံပါတ်ထုတ်ပေး

**ပုလော ဇူလိုင် ၂၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပြည်သူလူထုများ၏ ကိုယ်ရေးအချက်အလက် မှတ်တမ်းများကို e-IDစနစ်ဖြင့် လုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ပုလောမြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက ပုလောမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် ဆောင်ရွက်ပေးသည်။

ပုလောမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ၆၄၂ ဦးခန့်ရှိပြီး ပင်စင်လစာ လာရောက်ထုတ်ယူလျက်ရှိသည့် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပုလောမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ကြီးကြပ်မှုဖြင့် လဝကမှူး ဒေါ်ခင်မျိုးတင့် ဦးဆောင်၍ ဝန်ထမ်းများက ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူရာတွင် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အေးအေးမော်(ပုလော)**

# တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်ဆွေးနွေး



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေး ဆွေးနွေးပွဲတွင် ဆွေးနွေးပြောကြားစဉ်။

ပြင်ဦးလွင် ဇူလိုင် ၂၅

တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး ဆွေးနွေးပွဲတစ်ရပ်ကို ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်ဆွေးနွေးပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်တို့မှ တာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များမှ လူငယ်များ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ကြသည်။

ဦးစွာ ပြင်ဦးလွင်မြို့ အ.ထ.က (၁)မှ ကျောင်းသူများက “ မင်္ဂလာပါ ” သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လုပ်သည့် “ ပြင်းထန်တဲ့ မြေလျှောင်ဒဏ်ကို ကျော်ဖြတ်ကာ ပြန်လည်တည်ဆောက်ကြမယ့် ပိုမိုကောင်းမွန်တဲ့ အနာဂတ်” နှင့် “ အနာဂတ်ကို ပိုင်စိုးသူ လူငယ်များ ” Video Clip နှစ်ခုကို ဖွင့်လှစ်ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆွေးနွေးရာတွင် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးအတွက် အခြေခံဖြစ်သော နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးတွင် ပြင်ဦးလွင်မြို့နယ်အနေဖြင့် မူလအနေအထားအတိုင်း ရရှိနေပြီးဖြစ်၍ နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊ သဒ္ဓါတရားထက်သန်သည့် မြန်မာလူမျိုးများဖြစ်သည့်အတိုင်း အားနည်းသူကို ဝိုင်းကူသည့် ပုံစံဖြင့် စာနာဖေးမမှုများနှင့် ရိုင်းပင်းကူညီဆောင်ရွက်ကြရန်၊ အနာဂတ်မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရှေ့လုပ်ငန်းစဉ်များ၊ အထူးသဖြင့် ရွေးကောက်ပွဲကျင်းပရေး စီမံနေမှုများအပေါ်တွင်လည်း ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရန်၊ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး တစ်နည်းအားဖြင့် စစ်မှန်သည့်ဒီမိုကရေစီစနစ် ထွန်းကားလာစေရေးအတွက် ပြည်သူတစ်ရပ်လုံးက အသိပညာရှိမှု၊ စည်းကမ်းနားလည်လိုက်နာမှု၊ စာနာမှု၊ ပူးပေါင်းဆောင်ရွက်တတ်မှုတို့နှင့် ဝိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် လူငယ်များ၊ ကျောင်းသား ကျောင်းသူများအား MRTV DTH ၁၀ စုံနှင့် MRTV DVB T2 Set Top Box အစုံ ၂၀ တို့ကို ကံစမ်းမဲဖောက်၍ ပေးအပ်သည်။

ယင်းနောက် ပြင်ဦးလွင်မြို့ရှိ “လင်းလက်ကြယ်စင်ဟိန်း” ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “ပန်းကမ္ဘာမျှော်စင်” တေးသီချင်းဖြင့် သီဆိုကပြကာ ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့၏ လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုအရ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ အပန်းဖြေအနားယူလည်ပတ်လျက်ရှိသည့် “ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း” (BE Falls Nature Amusement Park) သို့ သွားရောက်ကြပြီး အပန်းဖြေစခန်းမှ တာဝန်ရှိသူများနှင့် လာရောက်အပန်းဖြေလည်ပတ်နေသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အပန်းဖြေစခန်းအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ အပန်းဖြေစခန်းတွင် Sky Cable Car ၊ 5D LED မှန်တံတား၊ ဆင်လေးများ၏ ဖျော်ဖြေမှုအစီအစဉ်၊ ရာသီပေါ်ပန်းအလှစိုက်ခင်း၊ Photo booth များ ၊ ခေတ်လွန်ယာဉ်များ၊ တောတွင်းလျှောက်လမ်းနှင့် ကြိုးတံတား၊ Jumping Cloud ၊ ခေတ်မီကစားကွင်း၊ ချားရဟတ်၊ Unplugged တီးဝိုင်း၊ ဘာဂီ၊ အလှမြင်းရထားလုံးများ၊ အဆင့်မြင့်စားသောက်ဆိုင်များ၊ ဒေသထွက်ဖျော်ရည်နှင့် အစားအစာများ၊ လက်ဆောင်ပစ္စည်းအရောင်းဆိုင်များဖြင့် ဝန်ဆောင်မှုပေးထားသည့်အပြင် ရင်ခုန်စိတ်လှုပ်ရှားဖွယ်ကစားနည်းများဖြစ်သည့် Family Coaster ၊ Bumper Car ၊ Tea Cup နှင့် Merry Go Round တို့ကို ယခုနှစ် ဧပြီလတွင် ထပ်မံတိုးချဲ့ထည့်သွင်းဆောင်ရွက်ထားပြီး ဒိုင်နိုဆောများ၊ သဘာဝရုပ်ကြွင်းပြကွက်တို့ကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အများပြည်သူအပန်းပြေစေရေးအတွက် အသေးစိတ်စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြင်ဦးလွင်မြို့ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းတွင် ဆင်လေးများအား အစာကျွေးစဉ်။

# ကမ္ဘောဒီးယားနိုင်ငံ ဆီယမ်ရိမြို့၌ အကြိမ်(၂၀)မြောက် အာရှမီဒီယာထိပ်သီးဆွေးနွေးပွဲ ကျင်းပ




**ဆီယမ်ရိ ဇူလိုင် ၂၅**

ကမ္ဘောဒီးယားနိုင်ငံ ဆီယမ်ရိမြို့ Sokha Siem Reap Resort & Convention Center ၌ အကြိမ် (၂၀)မြောက် အာရှမီဒီယာထိပ်သီး ဆွေးနွေးပွဲကို ဇူလိုင် ၂၃ ရက်က ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်နှင့်အဖွဲ့ ဆက်လက်တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် CEO Session ကို ကျင်းပပြီး သတင်းတု၊ သတင်းမှား တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်သည့် Angkor Declaration 2.0 ကို ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးက ထုတ်ပြန်ကြေညာသည်။

ဆက်လက်၍ AIBD အမှုဆောင်အရာရှိချုပ်က တက်ရောက်လာကြသည့် ပြန်ကြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများအား အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

ညနေပိုင်းတွင် 20th AMS ပိတ်ပွဲအခမ်းအနားကို ကျင်းပရာ ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီး Mr. Neth Pheaktra နှင့် AIBD အမှုဆောင်အရာရှိချုပ် Ms. Philomena Gnanapragasam တို့က (၂၁)ကြိမ်မြောက် အာရှမီဒီယာထိပ်သီး ဆွေးနွေးပွဲကို လက်ခံကျင်းပမည့် မော်လဒိုက်နိုင်ငံမှ သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ Ms. Heena Waleed အားလွှဲပြောင်းပေးသည့် အသိအမှတ်ပြုလွှာပေးအပ်သည်။

ထို့နောက် မော်လဒိုက်နိုင်ငံမှ ဒုတိယဝန်ကြီး Ms. Aminath Namza က 21st AMS ကို လက်ခံကျင်းပခွင့်ရသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ယင်းနောက် AIBD အမှုဆောင်အရာရှိချုပ် Ms. Philomena Gnanapragasam က ကျေးဇူးတင်စကား ပြောကြားကာ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးထံ အသိအမှတ်ပြုလွှာပေးအပ်ပြီး ပြန်ကြားရေးဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဇူလိုင် ၂၄ ရက်တွင် 20th AMS သို့ တက်ရောက်လာသည့် အာရှပစိဖိတ်နိုင်ငံများမှ ကိုယ်စားလှယ်များသည် ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာများဖြစ်သည့် အန်ကောဝပ်၊ တာ့ဖရွှန်နှင့် ဘေယွန်ဘုရားကျောင်းတို့သို့ သွားရောက် လေ့လာကြပြီး အန်ကောဝပ် ဘုရားကျောင်းရှေ့၌ 20th AMS အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကျင်းပရာ ဒုတိယဝန်ကြီး ဦးရဲတင့်နှင့်အဖွဲ့က အမှတ်တရ သစ်ပင်စိုက်ပျိုးပေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် Sokha Siem Reap Resort Hotel ၌ Asia-Pacific Institute for Broadcasting Development (AIBD) မှ အမှုဆောင်အရာရှိချုပ် Ms.Philomena Gnanapragasam နှင့် တွေ့ဆုံ၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရုပ်သံလွှင့်နည်းပညာဆိုင်ရာ သင်တန်းများ ပေးနိုင်ရေး၊ ထုတ်လုပ်မှုနည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပနိုင်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ရန်ကုန်မြို့ Pan Pacific Hotel ၌ ကျင်းပသည့် Pharma Connect 2025 တက်ရောက်

ရန်ကုန် ဇူလိုင် ၂၅

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ Pan Pacific Hotel ၌ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးနှင့် အိန္ဒိယ-မြန်မာကုန်သည်ကြီးများအသင်းတို့ ကြီးမှူးကျင်းပသည့် Pharma Connect 2025 သို့ တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။




**ကြိုဆိုနှုတ်ဆက်**

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E Mr. Abhay Thakur နှင့် အိန္ဒိယ-မြန်မာကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ Mr. Naresh Kumar တို့က ကြိုဆိုနှုတ်ဆက်စကား ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ စတုတ္ထမြောက် ကုန်သွယ်ဖက်အများဆုံးနိုင်ငံဖြစ်ကြောင်း၊ စီးပွားရေးနှင့် ကျန်းမာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံအထိ ရောက်ရှိခဲ့သည်ဟု သိရှိရကြောင်း၊ ဆေးနှင့်ဆေးပစ္စည်းများ တင်သွင်းမှုကဏ္ဍသည် အဓိကအစိတ်အပိုင်းအဖြစ်ပါဝင်ခဲ့ပြီး မိမိတို့အနေဖြင့် နှစ်စဉ် နိုင်ငံခြားငွေအမြောက်အမြား အသုံးပြု၍ ဆေးနှင့်ဆေးပစ္စည်းများ တင်သွင်းလျက်ရှိကြောင်း။

အိန္ဒိယနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများအား ဆေးဝါးတင်သွင်းဖြန့်ဖြူးရောင်းချမှုသာမက ပြည်တွင်းဆေးဝါးထုတ်လုပ်မှုကဏ္ဍ၌ ပိုမိုရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုကြောင်း၊ လာရောက်ရင်းနှီးမြှုပ်နှံပါက အထူးကင်းလွတ်ခွင့်များအပြင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၏ ဈေးကွက်များသို့လည်း ပြန်လည်တင်ပို့ရောင်းချနိုင်ကြောင်း၊ မြန်မာနိုင်ငံ၏ ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊ ဆေးဝါးမှတ်ပုံတင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်သူများ ဘေးကင်းလုံခြုံစိတ်ချရသည့် ဆေးနှင့်ဆေးပစ္စည်းများသုံးစွဲနိုင်ရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

ဆွေးနွေးပွဲ၌ ဆွေးနွေးကြမည့် ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ အိန္ဒိယသံရုံးနှင့် အိန္ဒိယ-မြန်မာကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများအနေဖြင့် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ဆေးဝါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်း၌ လိုအပ်သော ဆေးဝါးများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေး အတွေ့အကြုံ အပြန်အလှန်ဖလှယ်ခြင်းနှင့် တွေ့ကြုံရသည့် အခက်အခဲများကို ဖြေရှင်းနိုင်မည့်နည်းလမ်းများ ရှာဖွေနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ယင်းနောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် အသင်းချုပ်မှ ကိုယ်စားလှယ်များက ပြည်တွင်းဆေးဝါးထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ စကားဝိုင်းဆွေးနွေးပွဲများ ပြုလုပ်ကာ ဆွေးနွေးအကြံပြုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) (၁၇)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၅

တက္ကသိုလ်ကြက်ခြေနီအသင်းခွဲက ကြီးမှူး၍ မိမိတို့၏ မွန်မြတ်သော စိတ်စေတနာကို အရင်းခံကာ ဘဝတစ်ခုရှင်သန်နိုင်ရေးအတွက် ကယ်တင်ပေးနိုင်ရန်နှင့် လူမှုအဖွဲ့အစည်းကို အကျိုးပြုနိုင်ရန်ရည်ရွယ်၍ (၁၇)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားသို့ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) တက္ကသိုလ်ကြက်ခြေနီ အသင်းခွဲနာယက ပါမောက္ခချုပ် ဒေါက်တာရီရီဝင်း၊ ဒုတိယပါမောက္ခချုပ်(သင်ကြား)နှင့် သင်ကြားစီမံဌာနများမှ ပါမောက္ခ(ဌာနမှူး)များ၊ သင်ကြားရေးဌာနများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အမျိုးသားသွေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန္တာ၊ ဆရာဝန်များ၊ သူနာပြုများနှင့် ဆေးဘက်ဆိုင်ရာအဖွဲ့များက သွေးပုလင်းများ လက်ခံပေးကြသည်။

**ပေးအပ်လှူဒါန်းခဲ့**

သွေးလှူဒါန်းပွဲတွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများ စုစုပေါင်း ၂၁၀ တို့က သွေးပုလင်းပေါင်း ၁၂၁ ပုလင်းကို လှူဒါန်းခဲ့ကြသည်။ သမဝါယမနှင့်စီမံခန့်ခွဲမှု ပညာတက္ကသိုလ်(သန်လျင်) တက္ကသိုလ်ကြက်ခြေနီအသင်းခွဲကကြီးမှူး၍ ၂၀၀၅ ခုနှစ်မှစ၍ နှစ်စဉ်စုပေါင်းသွေးလှူဒါန်းပွဲကိုပြုလုပ်ခဲ့ရာ စုစုပေါင်း (၁၇)ကြိမ်တွင် သွေးပုလင်းပေါင်း ၁၈၂၀ ကို လှူဒါန်းခဲ့ပြီး သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) သမဝါယမပညာဌာနမှ လက်ထောက်ကထိက ဒေါ်အိအိဖြိုးက ငွေကျပ် ၂၇၅၀၀၀ တန်ဖိုးရှိ Healthcare (First Aid Kit) တစ်အိတ်ကို တက္ကသိုလ်ကြက်ခြေနီအသင်းခွဲသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တောင်ဥက္ကလာပမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်ဦးဆောင်မှုဖြင့် တောင်ဥက္ကလာပမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးအေးမိုးနှင့် ပူးပေါင်းအဖွဲ့တို့သည် ယနေ့နံနက်ပိုင်းတွင် တောင်ဥက္ကလာပမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။




ယင်းသို့ ဆောင်ရွက်ရာတွင် အမှတ်(၁၁)ရပ်ကွက်နှင့် အမှတ်(၉)ရပ်ကွက်ရှိ လမ်းများ၊ နေအိမ်၊ ဆိုင်ခန်း၊ ကုမ္ပဏီ၊ ရုံးခန်းများ၌ အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်း၊ ပိုးလောက်လမ်းစစ်ဆေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်း၊ ခြင်ဆေးမှုတ်ခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးတို့က ကြီးကြပ်ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်/အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မိခင်နှင့်ကလေးအသင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့ဝင်များ၊ ပရဟိတအသင်းများ စုစုပေါင်း ၆၀ ဖြင့် အဖွဲ့များခွဲ၍ ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပြွန်တန်ဆာမြို့ လင်းရောင်သစ် ကိုယ်ပိုင်အထက်တန်းကျောင်း၌ လူငယ်အသိပညာပေးဟောပြောပွဲ ကျင်းပ

ညောင်လေးပင် ဇူလိုင် ၂၅

မြန်မာနိုင်ငံစာရေးဆရာအသင်း ညောင်လေးပင်မြို့နယ်မှ လူငယ်အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၂၃ ရက်က ပဲခူးတိုင်းဒေသကြီး ပြွန်တန်ဆာမြို့ရှိ လင်းရောင်သစ်ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပသည်။



ဦးစွာ ညောင်လေးပင်မြို့နယ် စာရေးဆရာအသင်းနာယကဆရာကြီး ဒေါက်တာမြင့်သန်း(ညောင်လေးပင်)က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ ခေါင်းစဉ်ဖြင့် စာပေရေးရာများကိုလည်းကောင်း၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာဦးစိုးဝင်း(မောင်စုမြင့်)ညောင်လေးပင်က "စိတ်ထားလေးလှဖို့ စာဖတ်ကြပါစို့"ခေါင်းစဉ်ဖြင့် ဗဟုသုတများကိုလည်းကောင်း၊ မြို့နယ်စာရေးဆရာအသင်းဝင် ဆရာဦးလှမြင့်၊ လှမြင့်ဦး(ညောင်လေးပင်)က "ဘဝထဲကကဗျာ၊ ကဗျာထဲကဘဝ"ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြပြီး မြို့နယ်စာရေးဆရာအသင်းဝင် ဆရာဦးနေလင်း၊ နေလင်း(ညောင်လေးပင်)က ကိုယ်တိုင်ရေးစပ်သီကုံးထားသော "ပန်းတို့ပွင့်ရာ ပညာ့ဥယျာဉ်"ကဗျာဖြင့် ဂုဏ်ပြုရွတ်ဆိုသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာမြင့်သန်း(ညောင်လေးပင်)က ကျောင်းအတွက် သုတ/ရသစာအုပ်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စောသီတာက လက်ခံရယူပြီး ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

## ၂၅ - ၇ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၀၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် MDY-PDF အဖွဲ့ဝင် ၁၅ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်



နေပြည်တော် ဇူလိုင် ၂၅

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အစဉ်တစိုက် အလေးထားဆောင်ရွက်လျက်ရှိသည်နှင့်အညီ အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter – Terrorism Operation) များတွင် အောင်မြင်မှုများရရှိကာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီ ထိန်းချုပ်ထားသည့် နယ်မြေများအား အပြီးတိုင် ပြန်လည် ထိန်းချုပ်နိုင်ခဲ့မှုများအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာအားရကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာအားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ဝင်များ အနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ နီးစပ်ရာနယ်မြေခံတပ်စခန်းများနှင့် လုံခြုံရေးရဲကင်းများတွင် လာရောက်သတင်းပို့ပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်လျက်ရှိရာ ဇူလိုင် ၁၇ ရက်မှ ၂၄ ရက်အထိ TNLA အဖွဲ့ဝင် လေးဦး၊ DPLA အဖွဲ့ဝင် ၄၁ ဦးနှင့် MDY-PDF အဖွဲ့ဝင် ၂၄ ဦး စုစုပေါင်း ၆၉ ဦးတို့သည် လက်နက်မျိုးစုံ ၁၃ လက်၊ ကျည်မျိုးစုံ ၁၅၁၅ တောင့်၊ ကျည်အိမ် ၁၂ ခုနှင့်အတူ ပြန်လည် ဝင်ရောက်လာခဲ့ကြသည်။

ယနေ့တွင်လည်း MDY-PDF အဖွဲ့မှ အမျိုးသား ၁၄ ဦးနှင့် အမျိုးသမီး တစ်ဦး စုစုပေါင်း ၁၅ ဦးတို့သည် ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်လိုခြင်း၊ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံ လာခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ရာ ၎င်းတို့ကို တာဝန်ရှိသူများက ပြန်လည် လက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံပေးလျက်ရှိသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ပြောကြားချက်များအရ ၎င်းတို့သည် အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်သူများဖြစ်ပြီး အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အဖွဲ့သို့ မဝင်ရောက်ပါက မိဘဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်းကို ခံခဲ့ရကြောင်း၊ ထို့ပြင် တောတွင်း၌ ပင်ပန်းကြမ်းတမ်းစွာဖြင့် အနေဆင်းရဲ၊ အစားဆင်းရဲ နေထိုင်ခဲ့ရကြောင်း၊ ၎င်းတို့အဖွဲ့အတွင်း၌ လက်နက်အားကိုးဖြင့် အထက်အောက် အနိုင်ကျင့် ဗိုလ်ကျ လူမျိုးရေးခွဲခြားဆက်ဆံခံရခြင်း၊ အဆင့်အတန်းခွဲခြားဆက်ဆံခံရခြင်းများ ရှိကြောင်း၊ တပ်မတော်၏ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation) များဆင်နွှဲမှုတွင် အကျအဆုံးများပြားလာသဖြင့် ခုခံနိုင်ခြင်းမရှိတော့၍ ဆက်လက် တိုက်ခိုက်လိုခြင်းမရှိခြင်းကြောင့် အသက်ရှင်သန်ရေးအတွက် အခက်အခဲဒုက္ခမျိုးစုံကြားမှ ထွက်ပြေးတိမ်းရှောင်နေရခြင်းများကြောင့် စိတ်ဓာတ်များကျဆင်းလာခြင်း၊ အကြမ်းဖက်သမားများ၏ လုပ်ရပ်များသည် အပြစ်မဲ့ပြည်သူများအတွက် လူမှုစီးပွားဘဝများ များစွာထိခိုက်နစ်နာသည်ကို သိရှိနားလည်လာခြင်း၊ မိသားစုများနှင့်အတူ ယခင်ကဲ့သို့ နွေးနွေးထွေးထွေး ပြန်လည် နေထိုင်လိုခြင်း၊ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာခြင်းတို့ကြောင့် ယခုကဲ့သို့ ၎င်းတို့အဖွဲ့အတွင်းမှ ပြန်လည်စွန့်ခွာလာပြီး နီးစပ်ရာ တပ်မတော်စခန်းများမှ တစ်ဆင့် ဥပဒေဘောင်အတွင်းကို ပြန်လည် ဝင်ရောက်လာခြင်း ဖြစ်ကြောင်း သိရသည်။

ထိုသို့ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား နွေးထွေးစွာ ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲအပ်ပေးလျက်ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ တစ်ဦး၏ ရင်တွင်းစကားသံကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

အကြမ်းဖက်အဖွဲ့အစည်းထဲကို ရောက်သွားရတဲ့ အကြောင်းအရင်းကတော့ ကျွန်တော့်သူငယ်ချင်းက ကျွန်တော့်ကို လိမ်ညာပြောဆိုပြီးတော့ ခေါ်ခြင်းဖြစ်ပါတယ်။ သင်တန်းရောက်သွားတဲ့အခါကျတော့ ကျွန်တော် သင်တန်းမတက်ချင်ဘူးလို့ သူတို့ကို ပြောတယ်။ သူတို့က သင်တန်းမတက်လို့ မရဘူးလို့ပြောပါတယ်။ သင်တန်းမတက်ရင် မင်းကို သတ်ပစ်မယ်။ ထောင်ချပစ်မယ်လို့ ပြောတဲ့အခါကြတော့ ကျွန်တော် ကြောက်ပြီးတော့ တက်ခဲ့ရပါတယ်။ သင်တန်းကာလအတောအတွင်းမှာလည်း အနေဆင်းရဲ၊ အစားဆင်းရဲနဲ့ မပြည့်စုံမှုတွေ အများကြီးကြုံခဲ့ရတယ်။ ဥပမာ- တစ်ရက်လုံးကို ရှူးရှဲတစ်ထုပ်ထဲနဲ့ စားရတာမျိုးတို့၊ ရေနဲ့ထမင်းနဲ့ စားရတာမျိုးတို့ အစရှိတဲ့အခက်အခဲတွေ အများကြီးရှိခဲ့ပါတယ်။ ကျွန်တော်တို့နဲ့အတူတူ သင်တန်းလာတက်တဲ့ ကောင်မလေးတွေ အများကြီးပါတယ်။ အဲဒီမိန်းကလေးတွေကို သူတို့ဆီက အထက်အရာရှိဆိုတဲ့ သူတွေက ထိကပါးရိကပါးစော်ကားတာတို့၊ မထီမဲ့မြင်ပြုတာတို့ အဲဒီလိုတွေ အများကြီးတွေ့တယ်။ တွေ့ရတဲ့အခါမှာလည်း ကျွန်တော်တို့က ပြောချင်ပေမယ့်လည်း ကျွန်တော်တို့က ပြောပိုင်ခွင့်မရှိဘူး။ ကျွန်တော်တို့ ရှေ့မှာပြောခဲ့တဲ့သူတွေကိုလည်း ဆွဲထုတ်ပြီးရိုက်တာတွေ၊ အကျဉ်းချတာတွေ၊ သတ်ပစ်တာတွေကိုကိုယ်တွေ့ကြုံခဲ့ရတယ်။ အဲဒီလိုတွေကြောင့် ကျွန်တော်တို့မှာ ပြောချင်ပေမယ့် မပြောရဲဘူး။ အဲဒါကြောင့် ကျွန်တော်အနေနဲ့ သင်တန်းသုံးလကို ပြီးအောင်တက်ခဲ့တယ်။ သင်တန်းတက်ပြီး သင်တန်းဆင်းတဲ့အခါမှာ မတ္တရာဘက်မှာ တာဝန်ထမ်းဆောင်ရတယ်။ အခုမှသင်တန်းဆင်းကာစရှိသေးတဲ့သူကို ရှေ့တန်းကိုတန်းပို့တယ်။ ပို့ပြီးတဲ့နောက်ပိုင်း သူတို့အရာရှိတွေ၊ အမိန့်ပေးတဲ့သူတွေအားလုံးက အနောက်ကနေပဲ အမိန့်ပေးတယ်။ တပ်မတော်ဘက်ကနေ အင်အားအလုံးအရင်းနဲ့ ထိုးစစ်ဆင်လာတဲ့အခါမျိုးကြရင် ကျွန်တော်တို့မှာ အသက်ကိုမသေအောင်နေရတယ်။ နောက်ပြန်ဆုတ်ချင်လို့ သူတို့ဆီအမိန့်တောင်းတယ်။ အဲလိုကြရင် မင်းနောက်ပြန်ဆုတ်ရဲ ဆုတ်ကြည့် ဆုတ်ရင် ပစ်သတ်ပစ်မယ်။ ဆုတ်သွားတဲ့သူတွေကိုလည်း နောက်မှာ ထောင်ချတာတို့ အစဖျောက်ပစ်တာတွေလည်း အများကြီးရှိတယ်။ ဒါကကျွန်တော်တို့ကိုယ်တွေ့ဆိုတော့ ဘယ်လိုမှမပြောရဲဘဲနဲ့ ကိုယ့်အသက်ကို လုံခြုံအောင်မွေးနေရတဲ့ အခိုက်အတန့်တွေ အများကြီးရှိတယ်။ အဲဒီလိုတွေနေရလို့ ကျွန်တော်တို့ မြန်မာ့တပ်မတော်ဘက်ကို အလင်းဝင်ဖို့ ဆုံးဖြတ်ချက်ချတယ်။ သူတို့လိုင်းပေါ်မှာ တင်ထားသလို တပ်မတော်သားတွေကိုလည်း အလင်းဝင်ကြပါ။ အလင်းဝင်ရင် ဆုကြေးငွေဘယ်လောက်ပေးမယ်ဆိုပြီး ပြောတာတွေက အလိမ်အညာတွေပါ။ အရင်တုန်းက ကျွန်တော်တို့ဆီမှာ တပ်မတော်သားသုံးလေးယောက်လောက် အလင်းလာဝင်တာမြင်ခဲ့ဖူးတယ်။ ရောက်ရောက်ချင်းပဲ သေနတ်ယူပြီး တစ်ခါတည်း သတ်ပစ်တာ။ သတ်ပစ်ပြီးတဲ့အခါမှာ ကျွန်တော်တို့ကို မင်းတို့လည်း တပ်မတော်ဘက်ကို အလင်းဝင်ရင် ဒီလိုပဲသတ်ပစ်ခံရမှာပဲဆိုတဲ့ ဝါဒမှိုင်းတွေက ခေါင်းထဲကို ဝင်ထားတော့ ကျွန်တော်တို့လည်း အလင်းဝင်ဖို့ နှောင့်နှေးခဲ့တယ်။ အလင်းဝင်သွားတဲ့ သူငယ်ချင်းတွေလည်းရှိတယ်။ အလင်းဝင်သွားတဲ့ သူငယ်ချင်းတွေနဲ့ ချိတ်ဆက် မေးမြန်းကြည့်တော့ အဆင်ပြေတယ်ဆိုလို့ ကျွန်တော်တို့အဖွဲ့တွေ အရဲစွန့်ပြီးတော့ အလင်းဝင်ခဲ့တယ်။ သူတို့ပြောထားတဲ့အတိုင်း မဟုတ်ဘဲနဲ့ တပ်မတော်ဘက်က ကျွန်တော်တို့ကို နွေးနွေးထွေးထွေးကြိုဆိုတယ်။ မိဘတွေထံကိုလည်း ပြန်အပ်ပေးတယ်။ ပြောချင်တာက တောထဲမှာရှိတဲ့ ညီအစ်ကိုမောင်နှမတွေအကုန်လုံးကို အလင်းဝင်ဖို့ တိုက်တွန်းချင်ပါတယ်။ ကျွန်တော်ဆိုရင်လည်း မိဘ၊ မိသားစုတွေနဲ့ အေးအေးချမ်းချမ်း နေချင်တဲ့အတွက် အလင်းဝင်လာခြင်းဖြစ်ပါတယ်။ အိမ်ကို ကောင်းကောင်းမွန်မွန်ပြန်ပို့ပေးတယ်။ တောထဲမှာရှိတဲ့ ညီအစ်ကိုမောင်နှမတွေ အလင်းဝင်မယ်ဆိုရင်လည်း ကျွန်တော်တို့ကို ဆက်သွယ်နိုင်တယ်။ အကူအညီပေးဖို့လည်း အဆင်သင့်ရှိနေပါတယ်။



သတင်းစဉ်

☆ ခိုကျွန်းမှ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်/လေမုန်တိုင်းဒဏ်ခံစားရမှုများကို သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ကဏန်း၊ ပုစွန်စသောရေသယံဇာတများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရန်နှင့် ဒီရေတောဂေဟစနစ် စီမံအုပ်ချုပ်မှုပိုမိုကောင်းမွန်လာစေရန်ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ခိုကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် ဒီရေတောအဓိကသစ်မျိုးများဖြစ်သည့် ဗြူးခြေထောက်၊ ဗြူးအုပ်ဆောင်း၊ လမု၊ လဘ၊ ကနစို၊ သမဲ့၊ ကျနု၊ မဒမ၊ ပင်လယ်အုန်းစသည့်သစ်မျိုးများနှင့် သရော၊ နံ့ဗြူး(ငှက်)နှင့် ဓနိပင်စသည့် ဒေသမျိုးရင်း ဒီရေတောသစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဗျိုင်း၊ ဗျိုင်းအောက်၊ စွန်၊ သိမ်းငှက်၊ ပန်းဇင်ငှက်၊ ခရုစုတ်ငှက်၊ ရေညှောင့်နှုတ်ဝိုင်းငှက်၊ တင်ကြီးငှက်၊ ငှက်တုံးငှက် စသည့်ငှက်မျိုးများ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သား၊ ငါး၊ ကဏန်း၊ ပုစွန်များရှင်သန်ပေါက်ပွားရာဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်း၊ ဒီရေတောများသည် အဏ္ဏဝါဂေဟစနစ်ကို တည်ငြိမ်မှုအတွက် အရေးပါသည့်ဂေဟစနစ်တစ်ခုဖြစ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည် ဖြစ်ပါသည်။

**သယံဇာတနှင့်**
**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၅

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်လက်မခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ပုသိမ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ သာပေါင်းမြို့နယ်နှင့် ပုသိမ်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# သစ်ပင်စိုက်ပျိုးခြင်းဖြင့် အနာဂတ်ကို စောင့်ရှောက်ကြပါစို့

ကိုဘုန်း(ထုတ်လုပ်)

လူ၊ ကျေးငှက်တိရစ္ဆာန်နှင့် သစ်တောသစ်ပင်တို့သည်ခွဲခြား၍မရနိုင်သော လက်တွဲဖော်များဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး ကူးလူးယှက်နွယ် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အတူတကွ ယှဉ်တွဲတည်ရှိကြသည်။ တိရစ္ဆာန်နှင့် သစ်တောသစ်ပင်တို့သည် ကမ္ဘာမြေကြီး၏ သဘာဝပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည်တည်တံ့ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြမည့် သယံဇာတအရင်းအမြစ်များပင်ဖြစ်သည်။

ကမ္ဘာ့လူဦးရေ တိုးတက်လာသည်နှင့်အမျှ ရုပ်ကြွင်းလောင်စာကို အလွန်အကျွံထုတ်ယူသုံးစွဲမှု၊ သဘာဝသယံဇာတအရင်းအမြစ်များကို ပိုမိုအသုံးပြုလာမှု၊ စွန့်ပစ်ပစ္စည်းများ စနစ်တကျမစွန့်ပစ်မှု၊ စက်ရုံ၊ အလုပ်ရုံများနှင့် ယာဉ်များမှ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှု စသည်တို့ကြောင့် ကမ္ဘာ့နေရာအနှံ့အပြားတွင် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးခြင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် ရေကြီးခြင်း၊ မိုးခေါင်ခြင်းနှင့် မုန်တိုင်းများကဲ့သို့ ပြင်းထန်သောရာသီဥတုဖြစ်စဉ်များကို ကြုံတွေ့နေကြရပါသည်။ ထိုသို့ ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ပြောင်းလဲလာမှုများကို ထိန်းသိမ်းရာတွင် သစ်ပင်စိုက်ခြင်းမှာ အရေးကြီးသော အခန်းကဏ္ဍဖြစ်ပါသည်။

**သစ်ပင်များ၏ အရေးပါသောအခန်းကဏ္ဍကို မီးမောင်းထိုးပြ**

ကမ္ဘာ့ကုလသမဂ္ဂသည် ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံး သဘာဝဘေးအန္တရာယ် ကာကွယ်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို လှုံ့ဆော်တိုက်တွန်းခဲ့ပါသည်။ သစ်တော၊ သစ်ပင်ပြုန်းတီးမှုကို ကာကွယ်ရန် ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံများအား ဇူလိုင်လကို သစ်ပင်စိုက်ပျိုးရေးလအဖြစ် သတ်မှတ်ပေးခဲ့ပြီး ဇူလိုင်လ ၇ ရက်နေ့ကိုလည်း ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။ ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့သည် သစ်ပင်များ၏အရေးပါမှုကို အသိပညာမြှင့်တင်ရန်၊ ကမ္ဘာတစ်ဝန်းရှိ လူများအား သစ်ပင်စိုက်ပျိုးရန်နှင့် သစ်တောပြုန်းတီးမှုကို ဆန့်ကျင်ရေး တွန်းအားပေးရန်အတွက် သတ်မှတ်ခြင်းဖြစ်သည်။ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းရန်၊ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူခြင်း၊ တောရိုင်းတိရစ္ဆာန်များ နေထိုင်ရာနေရာများ ပံ့ပိုးပေးခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရာတွင် သစ်ပင်များ၏ အရေးပါသောအခန်းကဏ္ဍကို မီးမောင်းထိုးပြရန် ရည်ရွယ်ပါသည်။

ကမ္ဘာမြေပေါ်တွင် သစ်တောသစ်ပင်များ ပြုန်းတီးလာခြင်းသည် ရာသီဥတုဖောက်ပြန်မှုအတွက် အဓိကတွန်းအားပေးနေသည့် အကြောင်းရင်းတစ်ရပ်ပင်ဖြစ်သည်။ "ဥတုရာသီ တောကိုမှီ၏" ဆိုသည့် ဆောင်ပုဒ်အတိုင်း ရာသီဥတုဖောက်ပြန်မှုကို ဟန့်တားရာတွင်လည်း သစ်တောသစ်ပင်များသည် အဓိကကျသော အခန်းကဏ္ဍမှပါဝင်သည်။ သစ်ပင်များကို စည်းကမ်းမဲ့ခုတ်လှဲကြသဖြင့် သစ်တောများပြုန်းတီးကာ သစ်ပင်များ ရှားပါးလာရုံသာမက ကမ္ဘာကြီးပူနွေးလာမှု၊ မိုးခေါင်ရေရှားမှု၊ အစာရေစာငတ်မွတ်ခေါင်းပါးမှု စသည်တို့နှင့် ရင်ဆိုင်နေကြရပါသည်။ သို့ဖြစ်၍ ဤကမ္ဘာမြေ သာယာလှပ စိမ်းလန်းစိုပြည်ရန်၊ လူသားများနှင့်အတူ မှီဝေနေထိုင်သော သတ္တဝါများ၏ ဂေဟစနစ်မှန်ကန်စေရန် သဘာဝတောများကို ထိန်းသိမ်းကြရမည်ဖြစ်ပါသည်။

သစ်ပင်များသည် ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူပြီး အလင်းပြန်ခြင်းမှတစ်ဆင့် အောက်ဆီဂျင်ထုတ်လွှတ်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သောကြောင့် ရာသီဥတုပြောင်းလဲမှုကို လျော့ပါးစေပြီး လေထုအရည်အသွေးကို မြှင့်တင်ပေးပါသည်။ ဂေဟစနစ်ပံ့ပိုးရာတွင် သစ်ပင်များသည် ဇီဝမျိုးစုံမျိုးကွဲများကို မြှင့်တင်ပေးပြီး ဂေဟဗေဒဆိုင်ရာ ဟန်ချက်ညီမှုကို ပံ့ပိုးပေးသည့် တောရိုင်းတိရစ္ဆာန်မျိုးစိတ် အမျိုးမျိုးအတွက် နေထိုင်ရာနှင့် အစာကို ထောက်ပံ့ပေးပါသည်။

ထို့အပြင် သစ်ပင်အမြစ်များသည် မြေဆီလွှာတိုက်စားခြင်းမှ ကာကွယ်ပေးပြီး မြေဆီသြဇာကို ထိန်းသိမ်းပေးသည်။ ၎င်းတို့သည် ရေလည်ပတ်မှုကို ထိန်းညှိရန်နှင့် ရေလွှမ်းမိုးမှုအန္တရာယ်ကို လျှော့ချရန်လည်း အထောက်အကူပြုပါသည်။ သစ်ပင်များသည် အရိပ်အာဝါသကိုပေးကာ အပန်းဖြေရန်အတွက် ငြိမ်းချမ်းသောပတ်ဝန်းကျင်ကို ဖန်တီးသောကြောင့် သစ်ပင်များအနီးတွင်ရှိနေခြင်းသည် စိတ်ဖိစီးမှုကို လျှော့ချ၍ စိတ်ကျန်းမာရေးကို ကောင်းမွန်စေပါသည်။ ထို့ပြင် သစ်၊ သစ်သီးများ၊ အခွံမာသီးများနှင့် ဆေးဖက်ဝင်အပင်များကဲ့သို့သော ထုတ်ကုန်များမှတစ်ဆင့် ဒေသတွင်းစီးပွားရေးကိုလည်း အထောက်အကူပြုသည့် အကျိုးကျေးဇူးများကိုရရှိသည်။

**သစ်တောစိုက်ခင်းများ တည်ထောင်**

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံအနေဖြင့်လည်း သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် သစ်တောဖုံးလွှမ်းမှု တိုးတက်လာစေရေးနှင့် သစ်တောပြုန်းတီးမှုလျော့နည်းစေရေးကို အထူးအလေးပေး လုပ်ဆောင်လျက်ရှိသည်။ သစ်ပင်စိုက်ပျိုးရန် အကောင်းဆုံးဖြစ်သော မိုးတွင်းကာလဖြစ်သည့် ဇူလိုင်လများတွင် နှစ်စဉ် သစ်ပင်သိန်းပေါင်းများစွာ စိုက်ပျိုးလျက်ရှိသည်။ မြန်မာနိုင်ငံသည် သစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်း၊ သဘာဝတောကျန်များ ပြုစုထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၁၉၉၇-၁၉၉၈ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ သစ်တော စိုက်ခင်းလေးသိန်းကျော် စိုက်ပျိုးတည်ထောင်ခြင်း၊ သဘာဝတောဧက ၂ ဒသမ ၂၅ သန်းကို ကာကွယ်ထိန်းသိမ်းခြင်းတို့ ဆောင်ရွက်ခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအပါအဝင် ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်တမ်း နှစ်နှစ်အထက် ပျိုးသက်ရင့်ပျိုးပင်များနှင့် ရွာတစ်ရွာ နှစ်ဧကစိုက်ပျိုးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ၂၀၂၅ မိုးရာသီတွင် စိုက်ခင်းမျိုးစုံနှင့် တစ်ရွာနှစ်ဧက ကျေးရွာထင်းစိုက်ခင်း အပါအဝင် အပင်ပေါင်း နှစ်သန်းကျော် စိုက်ပျိုးခဲ့ရာ ကျေးရွာပေါင်း ၈၀၉ ရွာကို အကျိုးပြုစေမည်ဖြစ်သည်။ တစ်နိုင်ငံလုံးအနေဖြင့် သစ်တောစိုက်ခင်းမျိုးစုံအပါအဝင် သစ်ပင်ပေါင်း ၂၂ သန်းကို စိုက်ပျိုးမည်ဖြစ်သည်။

ထို့အပြင် ၂၀၃၀ ပြည့်နှစ်တွင် ကြိုးဝိုင်းကြိုးပြင် ကာကွယ်တောကို နိုင်ငံ့ဧရိယာ၏ ၃၀ ရာခိုင်နှုန်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေကို နိုင်ငံ့ဧရိယာ၏ ၁၀ ရာခိုင်နှုန်း သတ်မှတ်ဖွဲ့စည်းရန် လျာထားဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဧပြီလအထိ သစ်တောနယ်မြေ ကြိုးဝိုင်းကြိုးပြင် ကာကွယ်တော ၁၃၀၄ ခု၊ နိုင်ငံ့ဧရိယာ၏ ၂၅ ဒသမ ၈၈ ရာခိုင်နှုန်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ ၅၉ ခု၊ နိုင်ငံ့ဧရိယာ၏ ၆ ဒသမ ၄၂ ရာခိုင်နှုန်းဖွဲ့စည်းထားပြီး ကာလခြောက်နှစ်ကျော်ခန့်အတွင်း လျာထားချက်ပြည့်မီအောင် ကာကွယ်ထိန်းသိမ်းခြင်းနှင့် စိုက်ပျိုးပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**အစားထိုးစိုက်ပျိုးရမည်**

မြန်မာနိုင်ငံ၌ ပေါက်ရောက်သည့်အပင်မျိုးစုံတို့၏ အသုံးဝင်မှု၊ ဆေးဖက်ဝင်မှု၊ လူသုံးပစ္စည်းဖန်တီးနိုင်မှုတို့မှာ များလှသည်။ မြန်မာ့သစ်တောကြီးများ၏ ဇီဝမျိုးစုံကြွယ်ဝမှုမှာ ကြီးမားသော အမျိုးသားအမွေ ရတနာသိုက်ကြီးဖြစ်သည်။ ထို့ကြောင့် သဘာဝသယံဇာတများနှင့် ဇီဝမျိုးစုံတို့ကို ပြုန်းတီးကွယ်ပျောက်ခြင်းမရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရန် တိကျသော ဥပဒေများပြဋ္ဌာန်းထားပါသည်။ စိုက်သမျှသစ်ပင်များအားလုံး ရှင်သန်စေရန်အတွက်လည်း ဒေသနှင့်ကိုက်ညီသော အပင်များကို ရွေးချယ်တတ်ရန်လိုသည်။ သစ်ပင်တစ်ပင်ကိုခုတ်လှဲရန် မိနစ်ပိုင်းမျှပင် မကြာမြင့်သော်လည်း အရွယ်ရောက် သည့် သစ်ပင်တစ်ပင်ဖြစ်လာရန်မှာ နှစ်ပေါင်းများစွာ စောင့်ဆိုင်းကြရသည်။ သို့ဖြစ်၍ သစ်ပင်တစ်ပင်အား အလွယ်တကူ မခုတ်လှဲသင့်သလို မဖြစ်မနေ ခုတ်လှဲမည်ဆိုပါက ခုတ်လှဲမည့်သစ်ပင်နေရာတွင် နောက်တစ်ပင် အစားထိုးစိုက်ပျိုးရမည်ဖြစ်သည်။

ကမ္ဘာမြေပေါ်ရှိ လူများ၊ သတ္တဝါများနှင့် အပင်များအားလုံးသည် တစ်ခုနှင့်တစ်ခု ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဆိုသကဲ့သို့ အပြန်အလှန် အမှီသဟဲပြုနေကြသည်ဖြစ်ရာ သက်ရှိသတ္တဝါအားလုံး ရေရှည်ရပ်တည်နိုင်ရန်မှာ သစ်တောသစ်ပင် ဇီဝမျိုးစုံမျိုးကွဲများကလည်း အရေးကြီးသည့်အခန်းကဏ္ဍ၌ ပါဝင်နေပါသည်။ သစ်တောရတနာသည် လူသားတို့အတွက် အမှန်တကယ် တန်ဖိုးကြီးမားလှသည်။ သစ်တောသစ်ပင်များမှ ငွေကြေးနှင့် တန်ဖိုးမဖြတ်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုအထောက်အပံ့များစွာကို ရရှိစေပါသည်။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများစွာကို ဖြေရှင်းရန်၊ ကမ္ဘာမြေအစဉ်ထာဝရ လှပနေစေရန်အတွက် တစ်ဦးချင်းတစ်ယောက်ချင်းမှ အဖွဲ့အစည်းများအားလုံးအထိ တစ်ပင်စိုက် တစ်ပင်ရှင် သစ်ပင်များကို ပူးပေါင်းပါဝင် စိုက်ပျိုးကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



**"မြန်မာနိုင်ငံသည် သစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်း၊ သဘာဝတောကျန်များ ပြုစုထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၁၉၉၇-၁၉၉၈ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ သစ်တောစိုက်ခင်းလေးသိန်းကျော် စိုက်ပျိုးတည်ထောင်ခြင်း၊ သဘာဝတောဧက ၂ ဒသမ ၂၅ သန်းကို ကာကွယ်ထိန်းသိမ်းခြင်းတို့ ဆောင်ရွက်ခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအပါအဝင် ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်တမ်းနှစ်နှစ်အထက် ပျိုးသက်ရင့်ပျိုးပင်များနှင့် ရွာတစ်ရွာ နှစ်ဧက စိုက်ပျိုးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ၂၀၂၅ မိုးရာသီတွင် စိုက်ခင်းမျိုးစုံနှင့် တစ်ရွာ နှစ်ဧက ကျေးရွာထင်းစိုက်ခင်း အပါအဝင် အပင်ပေါင်း နှစ်သန်းကျော်စိုက်ပျိုးခဲ့ရာ ကျေးရွာပေါင်း ၈၀၉ ရွာကို အကျိုးပြုစေမည်"**

# လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် စာစစ်ဌာနများမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို မြန်မာ့အသံမှ ထုတ်လွှင့်ကြေညာပေးမည်

**နေပြည်တော် ဇူလိုင် ၂၅**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို တစ်ပြည်လုံးအတွက် တစ်ပြိုင်တည်း တစ်ရက်တည်းဖြင့် အပြီးထုတ်ပြန်ကြေညာသွားမည်ဖြစ်ရာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၏ အောင်စာရင်းများကို ဇူလိုင် ၂၇ ရက် နံနက် ၆ နာရီတွင် မြန်မာ့အသံ(ရေဒီယို) တိုင်းရင်းသားအစီအစဉ်များမှ စတင်ထုတ်လွှင့်ကြေညာပေးသွားမည်ဖြစ်သည်။

အဆိုပါ ထုတ်လွှင့်ပေးမည့်စာစစ်ဌာနများမှာ **ကချင်ပြည်နယ်မှ** ဝိုင်းမော်၊ တနိုင်း၊ ရှင်ဗွေယန်၊ ချီဖွေ၊ မိုးညှင်း၊ ဟိုပင်၊ အင်းတော်ကြီး၊ မိုးကောင်း၊ နမ္မတီး၊ ပင်းဘော၊ ဖားကန့်၊ ကာမိုင်း၊ ဗန်းမော်၊ ရွှေကူ၊ ပူတာအို၊ မချမ်းဘောနှင့် နောင်မွန်စာစစ်ဌာန၊ **ကယားပြည်နယ်မှ** လွိုင်ကော်စာစစ်ဌာန၊ **ကရင်ပြည်နယ်မှ** လှိုင်းဘွဲ့၊ ရွှေဂွန်း၊ ဘုရင့်နောင်တပ်၊ လိပ်သို၊ ကမမောင်း၊ အထက(၂) ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီးနှင့် မြဝတီစာစစ်ဌာန၊ **ချင်းပြည်နယ်မှ** ဟားခါးနှင့် တီးတိန်စာစစ်ဌာန၊ **ရခိုင်ပြည်နယ်မှ** သင်္ကေပြင်ကုန်း၊ အထက(၁)ကျောက်ဖြူ၊ အထက(၂) ကျောက်ဖြူ၊ အထက(မာန်အောင်)နှင့် အထက(ခွဲ)ဈေးတန်းစာစစ်ဌာန၊ **ရှမ်းပြည်နယ်(တောင်ပိုင်း)မှ** ဟိုပုံး၊ ဆီဆိုင်၊ ဘန်းယဉ်၊ ဆိုက်ခေါင်၊ အထက(၁)ပင်လောင်း၊ အထက(၂) ပင်လောင်း၊ နောင်တရား၊ တီဂျစ်၊ ပင်ခွန်၊ တင်းတက်၊ မိုင်းကိုင်၊ ကွန်ဟိန်း၊ မိုးနဲ၊ တုန်ဟုန်း၊ မိုင်းရှူး၊ ဝမ်ကန်၊ ကျေးသီးမံစံ၊ မိုင်းနောင်၊ မိုင်းပန်နှင့် မောက်မယ်စာစစ်ဌာန၊ **ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ** အထက(၁)တန့်ယန်း၊ အထက(၂) တန့်ယန်း၊ မိုင်းရယ်နှင့် မူဆယ်စာစစ်ဌာန၊ **ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ** မိုင်းခတ်၊ မိုင်းပျင်း၊ မက်မန်း၊ မိုင်းဆတ်၊ မိုင်းတုံ၊ မိုင်းဖြတ်နှင့် မိုင်းယောင်းစာစစ်ဌာန၊ တနင်္သာရီတိုင်းဒေသကြီးမှ ကျွန်းစု၊ ပုလောနှင့် ဘုတ်ပြင်းစာစစ်ဌာန၊ **မကွေးတိုင်းဒေသကြီးမှ** စေတုတ္တရာ၊ ငဖဲ၊ ပဒါန်း၊ ပခုက္ကူ၊ ဝါဇီ၊ ရေစကြို၊ ပေါက်၊ ဂန့်ဂေါ၊ ကျော၊နှင့် ဟံသာဝတီစာစစ်ဌာန၊ **စစ်ကိုင်းတိုင်းဒေသကြီးမှ** အထက(၁)ကလေး၊ အထက(၃) ကလေး၊ အင်ဒိုင်းကြီး၊ မင်းကင်း၊ ပန်းဆက်၊ ကလေးဝ၊ တမူး၊ ကန့်ဘလူ၊ ထန်းကုန်း၊ ကျွန်းလှ၊ ရေဦး၊ အရာတော်၊ ကသာ၊ ဗန်းမောက်၊ ဝန်းသို၊ မော်လိုက်၊ ကင်းတပ်၊ ဖောင်းပြင်၊ ခန္တီး၊ အထက(၁)ဟုမ္မလင်း၊ အထက(၂) ဟုမ္မလင်း၊ ကတ်သာ၊ မောင်းခမ်း၊ ထမံသီ၊ လေရှီး၊ ပန်ဆပ်၊ ဆွမ္မရာ၊ လဟယ်၊ နန်းယွန်းနှင့် ပန်ဆောင်စာစစ်ဌာန၊ **ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)မှ** ကျောက်ကြီးစာစစ်ဌာန၊ **ရန်ကုန်တိုင်းဒေသကြီးမှ** ကိုကိုးကျွန်းစာစစ်ဌာနတို့ ဖြစ်သည်။

အဆိုပါတက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းကြေညာချက်များကို မြန်မာနိုင်ငံအထက်ပိုင်းဒေသများမှ လှိုင်းတို (၅၀ ဒသမ ၇၁ မီတာ)၊ (၅၉၁၅ ကီလိုဟက်ဇ်)မှ လည်းကောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းဒေသများမှ လှိုင်းလတ်( ၄၁၁ ဒသမ ၅၂ မီတာ)၊ (၇၂၉ ကီလိုဟက်ဇ်)မှ လည်းကောင်း အသီးသီးဖမ်းယူနားဆင်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**





# နောင်ချိုမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စတင်ဖွင့်လှစ် ကျောင်းအပ်လက်ခံခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့တွင် အကြမ်းဖက်သောင်းကျန်းသူများကြောင့် အခြေခံပညာကျောင်းများအား တစ်နှစ်နီးပါး ပိတ်ထားခဲ့ရပြီး ယနေ့တွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းကို ပြန်လည်ဖွင့်လှစ်၍ ကျောင်းသားကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းအပ်နှံရေးနေ့ကို ဇူလိုင် ၂၂ ရက်မှ စတင်သတ်မှတ်ခဲ့ပြီး ယနေ့အထိ ကျောင်းသား ကျောင်းသူ ၇၀၅ ဦး လာရောက်အပ်နှံ၍ ပညာသင်ကြားလျက်ရှိသည်။ ကျောင်းအပ်နှံမှု အဆင်ပြေချောမွေ့စေရန်နှင့် ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ၊ သန့်ရှင်းသပ်ရပ်စွာနှင့် လုံခြုံစွာ ပညာသင်ကြားနိုင်ရေးအတွက် တပ်မတော်သားများ၊ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ဒေသခံမိဘပြည်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြပြီး တပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည့် မိုင်းရှင်းလင်းရေး၊ လုံခြုံရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိသည်။

**ကျန်းမာရေးစောင့်ရှောက်**

ထို့ပြင် နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံ တိုင်းရင်းသားပြည်သူ ၁၄၇ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# လှည်းကူးမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

**လှည်းကူး ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(မြို့မ)တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူငယ်ရေးရာကော်မတီနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၃ ရက်တွင် အဆိုပါကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးခင်ဇော်က လူငယ်စကားဝိုင်းကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ အထက(မြို့မ) Grade 11 ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စာပေ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်အဂတိ၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်အလုပ်အကိုင်အခွင့်အလမ်း၊ လူငယ်နှင့်စာရိတ္တ စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကျောက်တံတားနှင့် ကမာရွတ်ခရိုင်တရားရုံးများသို့ သင်တန်းသား သင်တန်းသူများ လာရောက်လေ့လာ

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတား ခရိုင်တရားရုံးနှင့် ကမာရွတ်ခရိုင်တရားရုံးများသို့ ရန်ကုန်အဝေးသင်တက္ကသိုလ် ဥပဒေပညာဌာနမှ ဆရာ ဆရာမများဦးဆောင်သည့် ကျောင်းသားကျောင်းသူ လေ့လာရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လာရောက်လေ့လာကြသည်။



လေ့လာရေး အဖွဲ့အား ကျောက်တံတားခရိုင်တရားရုံး ခရိုင်တရားသူကြီး ဒေါ်မီမီထွေးနှင့် ကမာရွတ်ခရိုင်တရားရုံး ခရိုင်တရားသူကြီး ဦးဇော်မင်းထွဋ်တို့ဦးဆောင်သည့် တွဲဖက်ခရိုင်တရားသူကြီးများ၊ ဒုတိယခရိုင်တရားသူကြီးများက တရားစီရင်ရေးဆိုင်ရာ လက်တွေ့ဆောင်ရွက်နေမှုများကို ရှင်းလင်းပြသခြင်း၊ ကျောက်တံတားခရိုင်တရားရုံး ဒုတိယ ခရိုင်တရားသူကြီး ဒေါ်သဲမို့မို့ဆွေက ကျောက်တံတားခရိုင်တရားရုံးနှင့် မူပိုင်ခွင့်တရားရုံးအကြောင်း သိကောင်းစရာများ ခေါင်းစဉ်ဖြင့်ရှင်းလင်းပြောကြားခြင်း၊ သင်တန်းသား သင်တန်းသူများ၏သိလိုသည်များကိုဖြေကြားပေးခြင်း၊ တရားရုံးအတွင်းလှည့်လည်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့တွင် ရန်ကုန် အဝေးသင်တက္ကသိုလ် ဥပဒေပညာဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာ ဒေါ်တင်ဌေးအိ ဦးဆောင်သည့် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့် ရန်ကုန်အဝေးသင်တက္ကသိုလ် ဥပဒေပညာဌာနမှ ဖွင့်လှစ်ထားသည့် (Online) LL.M၊ LL.B၊ B.A(Law)၊ PGDL၊ DIPL သင်တန်းမှ သင်တန်းသား သင်တန်းသူနှင့် ပုံမှန်ကျောင်းသား ကျောင်းသူများအပါအဝင် စုစုပေါင်း ၂၀၂ ဦးပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာစံချိန်စံညွှန်းများပြင်ဆင်သတ်မှတ်ခြင်း

(ယမန်နေ့မှအဆက်)

| စဉ် | မြန်မာစံချိန်စံညွှန်းများ |
|---|---|
| ၄၉။ | MMS IEC 60335–2–79:2021 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ–အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၂–၇၉) – လုပ်ငန်းသုံးဖိအားမြင့်သန့်ရှင်းရေးကိရိယာနှင့် ရေနွေးငွေ့သုံးသန့်ရှင်းရေးကိရိယာများ အတွက်သီးခြားလိုအပ်ချက်များ |
| ၅၀။ | MMS IEC 60335–2–80:2024 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ–အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၈၀) – ပန်ကာများအတွက် သီးခြားလိုအပ်ချက်များ |
| ၅၁။ | MMS IEC 60335–2–98:2023 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ– အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၉၈)– စိုထိုင်းမှုထိန်းစက်များအတွက် သီးခြားလိုအပ်ချက်များ |
| ၅၂။ | MMS IEC 60335–2–101:2024 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂ –၁၀၁) – မွှေးရနံ့ထုတ်စက်အတွက် သီးခြားလိုအပ်ချက်များ |
| ၅၃။ | MMS IEC 60350–1: 2023 – အိမ်သုံးလျှပ်စစ်သုံး ချက်ပြုတ်ပစ္စည်းများအမျိုးမျိုး – အပိုင်း (၁)– မီးဖို၊ ရေနွေးငွေ့မီးဖို၊ အကင်စက်–စွမ်းဆောင်မှု တိုင်းတာရန်အတွက်နည်းလမ်းများ |
| ၅၄။ | MMS IEC 60350–2:2017+AMD1:2021 အိမ်သုံးလျှပ်စစ် ချက်ပြုတ်ပစ္စည်းများ – အပိုင်း (၂) – မီးဖို အပူပြား – စွမ်းဆောင်မှုတိုင်းတာရန်အတွက် နည်းလမ်းများ |
| ၅၅။ | MMS IEC 60400 :2017+AMD1:2020+AMD2:2022 မီးချောင်းများနှင့် စတာတာတို့အတွက် အထိုင် ပစ္စည်းများ |
| ၅၆။ | MMS IEC 60598–1:2024 အလင်းပေးပစ္စည်းများ – အပိုင်း (၁) – အထွေထွေလိုအပ်ချက်နှင့် စမ်းသပ်ခြင်း |
| ၅၇။ | MMS IEC 60598–2–1:2020 အလင်းပေးပစ္စည်းများ – အပိုင်း (၂–၁) – သီးခြားလိုအပ်ချက်များ– အထိုင်ချတပ်ဆင်သည့် အထွေထွေသုံး အလင်းပေးပစ္စည်းများ |
| ၅၈။ | MMS IEC 60598–2–2:2023 အလင်းပေးပစ္စည်းများ – အပိုင်း(၂–၂) – သီးခြားလိုအပ်ချက်များ– အံခွက်အတွင်း တပ်ဆင်ထားသော အလင်းပေးပစ္စည်းများနှင့် အံခွက်အတွင်း လေဝင်လေထွက်စနစ် ပါရှိသော အလင်းပေးပစ္စည်းများ |
| ၅၉။ | MMS IEC 60598–2–20:2022 အလင်းပေးပစ္စည်းများ – အပိုင်း (၂–၂၀) – သီးခြားလိုအပ်ချက်– မီးတွဲများ |
| ၆၀။ | MMS IEC 60669–1:2017+COR1:2020 အိမ်သုံးနှင့် အလားတူ ပုံသေလျှပ်စစ်သွယ်တန်းခြင်းအတွက် ခလုတ်များအပိုင်း (၁) – အထွေထွေလိုအပ်ချက်များ |
| ၆၁။ | MMS IEC 60669–2–1:2021+COR1:2024 အိမ်သုံးနှင့်အလားတူ အထိုင်ချလျှပ်စစ်တပ်ဆင်ခြင်း များဆိုင်ရာ ခလုတ်များ– အပိုင်း (၂ – ၁) – သီးခြားလိုအပ်ချက်များ – အီလက်ထရွန်နစ်ထိန်းချုပ် ကိရိယာများ |
| ၆၂။ | MMS IEC 60669–2–2:2024 အိမ်သုံးနှင့်အလားတူ အထိုင်ချလျှပ်စစ်တပ်ဆင်မှုများအတွက် ခလုတ်များ– အပိုင်း (၂ –၂) – သီးခြားလိုအပ်ချက်များ – အဝေးထိန်းခလုတ်များ |
| ၆၃။ | MMS IEC 60669–2–3:2024 အိမ်သုံးနှင့်အလားတူ အထိုင်ချလျှပ်စစ်တပ်ဆင်မှုများအတွက် ခလုတ် များ – အပိုင်း (၂–၃)– သီးခြားလိုအပ်ချက်များ – အချိန်ဆိုင်း ခလုတ်များ |
| ၆၄။ | MMS IEC 60811–201:2012+AMD1:2017+ AMD2: 2023 လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင် ကြိုးများ – သတ္တုမဟုတ်သောပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း(၂၀၁)–အထွေထွေ စမ်းသပ်မှုများ–လျှပ်ကာအထူတိုင်းတာခြင်း |
| ၆၅။ | MMS IEC 60811–202:2012 + AMD1:2017+ AMD2: 2023 လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင် ကြိုးများ– သတ္တုမဟုတ်သောပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း(၂၀၂) – အထွေထွေ စမ်းသပ်မှုများ –သတ္တုမဟုတ်သောကေဘယ်လ်အကာ၏ အထူကိုတိုင်းတာခြင်း |
| ၆၆။ | MMS IEC 60811–501:2012+AMD1:2018+AMD2:2023 လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင် ကြိုးများ– သတ္တုမဟုတ်သောပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း(၅၀၁) – စက်မှုပိုင်း ဆိုင်ရာစမ်းသပ်မှုများ –လျှပ်ကာနှင့်ကေဘယ်လ်အကာ ဒြပ်ပေါင်းများ၏ စက်မှုပိုင်းဆိုင်ရာဂုဏ်သတ္တိ များကို စိစစ်သတ်မှတ်မှု စမ်းသပ်ခြင်းများ |
| ၆၇။ | MMS IEC 60884–1:2022+COR1:2023 အိမ်သုံးနှင့် အလားတူသုံးစွဲမှုများအတွက် ဆော့ကက်နှင့် ပလပ်များ အပိုင်း (၁)– အထွေထွေလိုအပ်ချက်များ |
| ၆၈။ | MMS IEC 60898–1:2015+AMD1:2019 လျှပ်စစ်ဆိုင်ရာ ဆက်စပ်ပစ္စည်းအစိတ်အပိုင်းများ– အိမ်သုံး နှင့် အလားတူ လျှပ်စစ်ပစ္စည်းများ သွယ်တန်းတပ်ဆင်ခြင်း၌ လျှပ်စီးလွန်ကာကွယ်ခြင်းအတွက် ပတ်လမ်းဖြတ်ကိရိယာများ – အပိုင်း (၁) – အေစီပတ်လမ်းဖြတ်ကိရိယာများ |
| ၆၉။ | MMS IEC 60898–2:2016 အိမ်သုံးနှင့် အလားတူ လျှပ်စစ်ပစ္စည်းများတပ်ဆင်ရာတွင် လျှပ်စီးလွန် ကာကွယ်ခြင်းအတွက် ပတ်လမ်းဖြတ်ကိရိယာများ – အပိုင်း (၂) – အေစီလျှပ်စီးနှင့် ဒီစီလျှပ်စီး နှစ်မျိုးလုံးအတွက် ပတ်လမ်းဖြတ်ကိရိယာများ |
| ၇၀။ | MMS IEC 60929: 2011+AMD1:2015 မီးချောင်းများအတွက် အေစီနှင့်/ သို့မဟုတ် ဒီစီသုံး အီလက်ထရွန်နစ် ကွန်ထရိုးလ်ဂီယာ – စွမ်းဆောင်ရည်လိုအပ်ချက်များ |
| ၇၁။ | MMS IEC 60947–2:2024 ဗို့အားနိမ့်ဆွစ်ဂီယာနှင့် ကွန်ထရိုးလ်ဂီယာ– အပိုင်း (၂)– ဓာတ်အားလိုင်း ဖြတ်ခလုတ်များ |
| ၇၂။ | MMS IEC 60947–3:2020+COR1:2021 ဗို့အားနိမ့်ခလုတ် ဂီယာနှင့် ထိန်းချုပ်ဂီယာ – အပိုင်း (၃) – ခလုတ်များ၊ လိုင်းဖြတ်ကိရိယာများ၊ လိုင်းဖြတ်ခလုတ်နှင့် ဖျူးစ်တွဲဆက်ထိန်းယူနစ် |
| ၇၃။ | MMS IEC 60969: 2016+COR1:2017 အလင်းရရှိရန် အသုံးပြုသည့် ချုပ်တွဲပါသည့် စွမ်းအင်ချွေတာ သုံး မီးသီး/ မီးချောင်းများ – စွမ်းဆောင်ရည် လိုအပ်ချက်များ |
| ၇၄။ | MMS IEC 61008–1:2024 အိမ်သုံးနှင့် အလားတူသုံးပစ္စည်းများအတွက် လျှပ်စီးလွန်ကာကွယ်မှုမပါ သော ကြွင်းကျန်လျှပ်စီးဖြစ်လျှင် ဖြတ်တောက်သော ပတ်လမ်းဖြတ်ကိရိယာ (RCCBs) – အပိုင်း(၁)– အထွေထွေစည်းကမ်းသတ်မှတ်ချက်များ |
| ၇၅။ | MMS IEC 61008–2–1:2024 အိမ်သုံးနှင့်အလားတူပစ္စည်းများအတွက် လျှပ်စီးလွန်ထိန်းမပါဝင် သော ကြွင်းကျန်လျှပ်စီးယို အကာအကွယ်ပြုပတ်လမ်းဖြတ်ကိရိယာ (အာစီစီဘီ) – အပိုင်း (၂–၁) အမျိုးအစားခွဲခြားခြင်း ၄.၁.၁ အရ အာစီစီဘီ |
| ၇၆။ | MMS IEC 61009–1:2024 အိမ်သုံးနှင့် အလားတူသုံးပစ္စည်းများအတွက် လျှပ်စီးလွန်ခြင်းအပါအဝင် ကြွင်းကျန်လျှပ်စီးယို အကာအကွယ်ပြုပတ်လမ်းဖြတ်ကိရိယာ (အာစီဘီအို) – အပိုင်း(၁) – အထွေထွေစည်းကမ်းသတ်မှတ်ချက်များ |
| ၇၇။ | MMS IEC 61009–2–1:2024 အိမ်သုံးနှင့် အလားတူသုံးပစ္စည်းများအတွက် လျှပ်စီးလွန်ခြင်း အပါအဝင် ကြွင်းကျန်လျှပ်စီးယိုအကာအကွယ်ပြု ပတ်လမ်းဖြတ်ကိရိယာ (အာစီဘီအို) – အပိုင်း (၂–၁) အမျိုးအစားခွဲခြားခြင်း ၄.၁.၁ အရ အာစီဘီအို |
| ၇၈။ | MMS IEC 61009–2–2:2024 အိမ်သုံးနှင့် အလားတူသုံးပစ္စည်းများအတွက် လျှပ်စီးလွန်ကာကွယ်မှု ပါသော ကြွင်းကျန်လျှပ်စီးဖြတ်တောက်ပေးသည့် ပတ်လမ်းဖြတ်ကိရိယာ (အာစီဘီအို) – အပိုင်း (၂–၂) အမျိုးအစားခွဲခြားခြင်း ၄.၁.၂၊ ၄.၁.၃၊ ၄.၁.၄၊ ၄.၁.၅ နှင့် ၄.၁.၆ အရ အာစီဘီအို |
| ၇၉။ | MMS IEC 61049:1991/COR1:1992 မီးချောင်းနှင့် အခြားဓာတ်ငွေ့သွင်း မီးလုံးတို့၏ပတ်လမ်း တွင်အသုံးပြုသည့်လျှပ်သိုများ – စွမ်းဆောင်ရည်လိုအပ်ချက်များ |
| ၈၀။ | MMS IEC 61347–1:2024 လျှပ်စစ်အလင်းရောင် အရင်းအမြစ်အတွက် အလင်းထိန်းကိရိယာ – အန္တရာယ်ကင်းရှင်းရေး – အပိုင်း(၁) – အထွေထွလိုအပ်ချက်များ |
| ၈၁။ | MMS IEC 61347–2–2:2024 လျှပ်စစ်အလင်းရောင်အရင်းအမြစ်အတွက် အလင်းထိန်းကိရိယာ – အန္တရာယ်ကင်းရှင်းရေး – အပိုင်း(၂–၂)– မီးစာမျှင်ပါ မီးလုံးအတွက် အီလက်ထရွန်နစ်ဗို့အား နိမ့်ပြောင်း ကိရိယာများဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၈၂။ | MMS IEC 61347–2–3:2024 လျှပ်စစ်အလင်းရောင် အရင်းအမြစ်အတွက် အလင်းထိန်းကိရိယာ – အန္တရာယ်ကင်းရှင်းရေး – အပိုင်း(၂–၃)– မီးချောင်းများ၏ အေစီ (သို့မဟုတ်) ဒီစီဓာတ်အားသုံး အီလက်ထရွန်နစ် အလင်းထိန်းကိရိယာဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၈၃။ | MMS IEC 61347–2–8: 2024 မီးလုံးများ၏ အလင်းထိန်းကိရိယာ – အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၂–၈)– မီးချောင်းချုပ်များဆိုင်ရာ သီးခြားလိုအပ်ချက်များ– မီးချောင်းချုပ်(ကိုးလ်ပြားပါချုပ်) |
| ၈၄။ | MMS IEC 61439–3:2024 ဗို့အားနိမ့်ဆွစ်ဂီယာနှင့် ကွန်ထရိုးလ်ဂီယာ အစိတ်အပိုင်းများ တပ်ဆင် ခြင်း– အပိုင်း(၃)– သာမန်ပုဂ္ဂိုလ်များ လုပ်ကိုင်ရန်ရည်ရွယ်သော ဖြန့်ဖြူးရေးဘုတ်ပြားခုံ |
| ၈၅။ | MMS IEC 61439–4:2023 ဗို့အားနိမ့်ဆွစ်ဂီယာနှင့် ကွန်ထရိုးလ်ဂီယာ အစိတ်အပိုင်းများတပ်ဆင် ခြင်း –အပိုင်း(၄)–ဆောက်လုပ်ရေးလုပ်ငန်းခွင်သုံးပစ္စည်း အစိတ်အပိုင်းများ တပ်ဆင်ခြင်းအတွက် သီးခြားလိုအပ်ချက်များ |
| ၈၆။ | MMS IEC 61439–5:2023 ဗို့အားနိမ့်ဆွစ်ဂီယာနှင့်ကွန်ထရိုးလ်ဂီယာ အစိတ်အပိုင်းများ တပ်ဆင် ခြင်း – အပိုင်း (၅)– လူထုကွန်ရက်၌ ပါဝါဖြန့်ဖြူးခြင်းအတွက် ပစ္စည်းကိရိယာအစိတ်အပိုင်းများ တပ်ဆင်ခြင်း |
| ၈၇။ | MMS IEC 61439–7:2022 ဗို့အားနိမ့်ဆွစ်ဂီယာနှင့်ကွန်ထရိုးလ်ဂီယာ အစိတ်အပိုင်းများ တပ်ဆင် ခြင်း – အပိုင်း(၇)–သတ်မှတ်ထားသော အသုံးပြုခြင်းများအတွက် ပစ္စည်းအစိတ်အပိုင်းများ တပ်ဆင်ခြင်း (လှေဆိပ်၊ စခန်းချနေရာများ၊ ဈေးများ၊ လျှပ်စစ်ကားများ အားသွင်းသည့်နေရာများ) |
| ၈၈။ | MMS IEC 61558–2–5:2024 ထရန်စဖော်မာများ လျှပ်ညှို့ကွိုင်များ ဓာတ်အားဆက်သွယ်ယူနစ်များ နှင့် ယင်းတို့၏ တွဲဖက်ပါရှိမှုများ–အန္တရာယ်ကင်းရှင်းရေး–အပိုင်း (၂–၅)– မုတ်ဆိတ်ရိတ်စက်အတွက် ထရန်စဖော်မာများ၊ ဓာတ်အားဆက်သွယ်ယူနစ်နှင့် ဆက်သွယ်အသုံးပြုမည့် ပလပ်ပေါက်ဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၈၉။ | MMS IEC 61558–2–6:2021 ဗို့အား ၁၁၀၀ အထိအသုံးပြုသည့် ထရန်စဖော်မာများ လျှပ်ညှို့ကွိုင် များ၊ ဓာတ်အားဆက်သွယ်ယူနစ်များ၏ အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၂–၆)–အကာအကွယ်ပြု ပိုင်းခြား ထရန်စဖော်မာများနှင့် ဆက်စပ်ဓာတ်အားဆက်သွယ်ယူနစ်များဆိုင်ရာ အထွေထွေ အသုံးပြုခြင်းများအတွက် သီးခြားလိုအပ်ချက်နှင့် စမ်းသပ်ခြင်းများ |
| ၉၀။ | MMS IEC 61851–23:2023 လျှပ်စစ်သုံးယာဉ်များ လျှပ်ကူးအားသွင်းစနစ် – အပိုင်း (၂၃)– ဒီစီ လျှပ်စစ်ယာဉ် ဓာတ်အားပေးပို့ ကိရိယာ |
| ၉၁။ | MMS IEC 61851–24:2023 လျှပ်စစ်ယာဉ် လျှပ်ကူးအားသွင်းစနစ် – အပိုင်း (၂၄) – ဒီစီ အားသွင်း ခြင်းအား ထိန်းချုပ်ရန်အတွက် လျှပ်စစ်သုံးယာဉ်နှင့် ဒီစီလျှပ်စစ်သုံးယာဉ် ဓာတ်အားပေးပို့ကိရိယာ တို့အကြားရှိ ဒစ်ဂျစ်တယ်ဆက်သွယ်ရေးလိုင်း |
| ၉၂။ | MMS IEC 62040–1:2017+AMD1:2021+AMD2:2022 အမြဲမပြတ်ဓာတ်အားပေးနိုင်သောစနစ် (ယူပီအက်စ်) – အပိုင်း (၁) – အန္တရာယ်ကင်းရှင်းရေး လိုအပ်ချက်များ |
| ၉၃။ | MMS IEC 62087–3:2023 အော်ဒီယို၊ ဗီဒီယိုနှင့် ဆက်စပ်ပစ္စည်းကိရိယာများ – ပါဝါအသုံးပြုမှုအတွက် စိစစ်ခြင်း – အပိုင်း (၃) – ရုပ်မြင်သံကြားစက်အစုံ |
| ၉၄။ | MMS IEC 62196–3:2022 လျှပ်စစ်သုံးယာဉ်၏ လျှပ်ကူးအားသွင်းသည့်ပလပ်များ၊ ပလပ်ပေါက်များ၊ ချိတ်ဆက်ပစ္စည်းများနှင့်ယာဉ်အားသွင်းပေါက်များ – အပိုင်း(၃)– ဒီစီငုတ်၊ အေစီ/ဒီစီငုတ်နှင့် လျှပ်စီးကြောင်းကို ပံ့ပိုးသည့် ယာဉ်ချိတ်ဆက်ကိရိယာများအတွက် တွဲဖက်အသုံးပြုနိုင်သည့် အတိုင်းအတာလိုအပ်ချက်များ |
| ၉၅။ | MMS IEC 62208:2023 အကာအရံမပါသော ဗို့အားနိမ့် ဆွစ်ဂီယာနှင့် ကွန်ထရိုးလ်ဂီယာ အစိတ်အပိုင်းများတပ်ဆင်ခြင်း – အထွေထွေလိုအပ်ချက်များ |
| ၉၆။ | MMS IEC 62271–200:2021+AMD1:2024 ဗို့အားမြင့် ဆွစ်ဂီယာနှင့် ကွန်ထရိုးလ်ဂီယာ –အပိုင်း (၂၀၀)– သတ်မှတ် ဗို့အား ၅၂ ကီလိုဗို့ပါဝင်ပြီး ၁ ကီလိုဗို့နှင့်အထက် အေစီစနစ် သတ္တုပြားအကာအရံ ပါသော ဆွစ်ဂီယာနှင့် ကွန်ထရိုးလ်ဂီယာ |
| ၉၇။ | MMS IEC 62552 – 1: 2015 + AMD1:2020 အိမ်သုံးရေခဲသေတ္တာများ – ထူးခြားသည့်လက္ခဏာ များနှင့်စမ်းသပ်သည့်နည်းလမ်းများ –အပိုင်း(၁)–အထွေထွေလိုအပ်ချက်များ |

(ဆက်လက်ဖော်ပြပါမည်)

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ပြည်မြို့နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း ပြည်မြို့ အမှတ်(၃၀) စက်မှုလယ်ယာစခန်း၌ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ ဖော်ထုတ်ပြီး စနစ်ကျလယ်မြေများတွင် သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။



ထို့နောက် ပြည်မြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ထိန်းသိမ်းရေးရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ခရိုင်အဆင့် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရေဘေးကာကွယ်ရေး တာနှင့် ရေလှောင်တမံများ ဘေးကင်းလုံခြုံမှုဆိုင်ရာများ၊ ပူပြင်းခြောက်သွေ့ကာလတွင် စိုက်ပျိုးရေ ပိုမိုပေးဝေနိုင်ရေးနှင့် ရေသောက်ဧရိယာအလိုက် ဧကပြည့်မီအောင် စိုက်ပျိုးရေ ပေးဝေရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းနောက် ပြည်မြို့နယ် ငါးရွာကျေးရွာအုပ်စုရှိ မိုးစပါး မျိုးစေ့ထုတ် တောင်သူများအတွက် မြေဩဇာထောက်ပံ့ပေးအပ်ပွဲနှင့် မြေဩဇာကြဲပက်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက မြေဩဇာများ ထောက်ပံ့ပေးအပ်ရခြင်းရည်ရွယ်ချက်၊ ဓာတ်မြေဩဇာ အချိုးကျ စနစ်တကျ ထည့်သွင်းခြင်းနှင့် ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းခြင်းနည်းလမ်းများကို ရှင်းလင်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဒေသခံတောင်သူများအား မြေဩဇာများ ထောက်ပံ့ပေးအပ်ကာ စိုက်ကွင်းများအတွင်း မြေဩဇာကြဲပက်နေမှုနှင့် စိန်ကမ္ဘာဦး လယ်ယာသုံး စက်ကိရိယာကုမ္ပဏီ၌ ပေါင်ကြီးတင် စနစ်ဖြင့် ဆောင်ရွက်နိုင်သည့် နှမ်းသီးနှံမျိုးစေ့ချကိရိယာနှင့် ကြဲစိုက်စက် ထုတ်လုပ်တပ်ဆင် နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် ပြည်မြို့ ရေဝတီမြစ် ရေဘေးကာကွယ်ရေးအတွက် တည်ဆောက်ထားသော နဝင်းတာသို့ရောက်ရှိကြပြီး မြစ်ရေတက်ရောက်မှုနှင့် ရေဘေးကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ တာတမံပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် တာတမံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံ ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ထန်းတပင်မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေး

ထန်းတပင် ဇူလိုင် ၂၅

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးက ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ထမ်းပြည်သူများအား ပြေစာအမှတ်တံဆိပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် အခွန်အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ဇူလိုင် ၂၂ ရက်က ထန်းတပင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲအခမ်းအနားတွင် ထန်းတပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ယဉ်မီမီချိုက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ အခွန်ဆိုင်ရာသိမှတ်ဖွယ်ရာများကိုလည်းကောင်း၊ ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော ဓာတ်အားလိုင်းများ အမြန်ပြန်လည်တည်ဆောက်

ရန်ကုန် ဇူလိုင် ၂၅

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အမှုဆောင်အရာရှိချုပ် ဦးကျော်သူသည် ဇူလိုင်၂၄ ရက်တွင် ဒလမြို့နယ်နှင့် တွံတေးမြို့နယ်များသို့သွားရောက်၍ ယင်းနေ့နံနက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှု ကြောင့် သစ်ပင်သစ်ကိုင်းများလဲကျ၍ ကျိုးကျပျက်စီးခဲ့သော ဓာတ်အားလိုင်းတိုင်များ ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအလေးထားဆောင်ရွက်ရန်နှင့် ဓာတ်အား



အမြန်ပြန်လည် ဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်ရန်တို့ကို အသေးစိတ်မှာကြားပြီးလုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ရာ ည ၁၀ နာရီခန့်တွင် ဓာတ်အားပုံမှန်ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရသည်။

**ချစ်ဆောင်(YESC)**

# စဉ့်ကိုင်မြို့နယ်၌ မိုးစပါး(အောင်နိုင်တိုး) အထွက်နှုန်းကောင်း မျိုးစပါးသစ် ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲ ကျင်းပ

စဉ့်ကိုင် ဇူလိုင် ၂၅

မန္တလေး တိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ပူးပေါင်း၍ မိုးစပါး (အောင်နိုင်တိုး) အထွက်နှုန်းကောင်း မျိုးစပါးသစ် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့က တောမကျေးရွာအုပ်စု ပင်းချားကျေးရွာ ကွင်းအမှတ် (၁၁၁) ဦးပိုင် အမှတ် (၃၀/၂) စိုက်ဧက ငါးဧကရှိသည့် တောင်သူ



ဦးမျိုးဝင်းသန်း၏ လယ်မြေ၌ ကျင်းပသည်။

အဆိုပါသရုပ်ပြပွဲကို မြို့နယ်စက်မှုလယ်ယာ ဦးစီးဌာနမှ ဝန်ထမ်းများက ဦးဆောင်ကာ ကောက်စိုက်စက်ဖြင့် စိုက်ပျိုး သရုပ်ပြဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကွင်းသရုပ်ပြပွဲသို့ ကျောက်ဆည်မြို့ အင်းကုန်း မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ ဒုတိယ ညွှန်ကြားရေးမှူး ဦးမျိုးကျော်နှင့် ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဝင်များ၊ စဉ့်ကိုင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရဲကျော်စိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းဇော်နှင့် ဝန်ထမ်းများ၊ စဉ့်ကိုင်မြို့နယ် စိုက်ပျိုးရေး ညှိနှိုင်းအဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ပြင်ဦးလွင်မြို့၌ လျှပ်စစ်ဘေးအန္တရာယ် သဏ္ဍာန်တူဓာတ်တိုက်လေ့ကျင့်

ပြင်ဦးလွင် ဇူလိုင် ၂၅

မန္တလေး တိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် လျှပ်စစ်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲနှင့် သဏ္ဍာန်တူဓာတ်တိုက် လေ့ကျင့်ခြင်းကို ယမန်နေ့မွန်းလွဲပိုင်းက အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း GTI ရှိ ကျောင်းခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူက လျှပ်စစ်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်း၊ လက်တွေ့ သရုပ်ပြခြင်းနှင့် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူက



ရှာဖွေ ကယ်ဆယ်ရေးနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်ပြီး လျှပ်စစ်ဘေး သဏ္ဍာန်တူ ဓာတ်တိုက်လေ့ကျင့်ရာတွင် လျှပ်စစ်ဘေး သဏ္ဍာန်တူ ဓာတ်တိုက်လေ့ကျင့်ရာတွင် လျှပ်လှုပ်ခတ်ချိန် ကျောင်းသား ကျောင်းသူများ စာသင်ခန်းအတွင်း ဝပ်၊ ကာ၊ ကိုင် အနေအထားဖြင့် နေထိုင်ခြင်း၊ ဘေးလွတ်ရာသို့ ထွက်ခွာခြင်း၊ ဒဏ်ရာရ/ ပိတ်မိသူများအား မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ပေါင်မြို့နယ်၌ အလှပ်-ထန်းပင်ချောင်ကြီးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

ပေါင် ဇူလိုင် ၂၅

မွန်ပြည်နယ် ပေါင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သည့် အလှပ်-ထန်းပင်ချောင်ကြီး (အလှပ်နှင့်ညောင်ကုန်းလေးကြား) ကတ္တရာခင်းခြင်းလုပ်ငန်း ပစ္စည်းစုဆောင်းထားရှိမှု အခြေအနေကို ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်နယ်ညွှန်ကြားရေးမှူး (မြို့ပြ)၊ သထုံခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ မြို့နယ်တာဝန်ခံဦးစီးအရာရှိ (မြို့ပြ)



တို့က ယနေ့တွင် ကွင်းဆင်း စစ်ဆေးသည်။

အဆိုပါ အလှပ်-ထန်းပင်ချောင်ကြီး ကတ္တရာခင်းခြင်းလုပ်ငန်းကို ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သန်း ၃၄၅၀၀ ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

# ထားဝယ်မြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

ထားဝယ် ဇူလိုင် ၂၅

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးသက်နိုင်နှင့် တာဝန်ရှိသူများသည် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အထက(၂)မှ ကျောင်းသားကျောင်းသူများက "လှလိုက်တဲ့တနင်္သာရီ" သီချင်းဖြင့် ကပြဖျော်ဖြေခြင်း၊ မုဒိတာကိုယ်ပိုင်အထက်တန်းကျောင်းမှ တိုင်းရင်းသားရိုးရာအကဖြင့် ကပြဖျော်ဖြေခြင်းနှင့် ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့က တီးမှုတ်ကပြဖျော်ဖြေခြင်းတို့ကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။



ယင်းနောက် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွင်း ခင်းကျင်းပြသထားသည့် စာကြည့်တိုက်များ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ အထက်တန်းအဆင့် ကျပန်း စကားပြောပြိုင်ပွဲ၊ အထက်တန်းအဆင့်စာစီစာကုံး ပြိုင်ပွဲ၊ အလယ်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲများ၊ အလယ်တန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် မူလတန်းအဆင့်ပုံပြင်ပြောပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲအနေဖြင့် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ သတ်ပုံအမှန်ရွေးပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အထက်တန်းအဆင့် ဉာဏ်စမ်းပြိုင်ပွဲ၊ အလယ်တန်းအဆင့် ဉာဏ်စမ်းပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ အားကစားအနေဖြင့် ခါးကွင်းလှည့်ကစားနည်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပါဝင်ယှဉ်ပြိုင်သော ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်သည်။

ယနေ့ကျင်းပသည့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၅၀၀ ခန့် တက်ရောက်ကြပြီး ပွဲတော်တွင် ခင်းကျင်းပြသထားသည့် ဓာတ်ပုံပြဘုတ်များနှင့် စာအုပ်ပြပွဲကို စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကာ ပြိုင်ပွဲများတွင် ပျော်ပျော်ရွှင်ရွှင်ပါဝင်ဆင်နွှဲကြသည့်ပြိုင်ပွဲဝင်များနှင့် ဆုရရှိသူများအား ဇူလိုင် ၂၆ ရက်တွင် ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြဝတီမြို့၌ ရေဘေးကယ်ဆယ်ရေးစခန်းရှစ်ခုတွင် ရေဘေးသင့်ပြည်သူ ၄၇၃၆ ဦး ပြောင်းရွှေ့ခိုလှုံလျက်ရှိ



မြဝတီ ဇူလိုင် ၂၅

ကရင်ပြည်နယ် မြဝတီမြို့၌ မိုးအဆက်မပြတ်ရွာသွန်းပြီး သောင်ရင်းမြစ်ရေသည် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိ၍ မြေနိမ့်ပိုင်းနှင့် မြစ်နှင့်နီးသောရပ်ကွက်များအတွင်းသို့ ရေဝင်ရောက်လျက်ရှိသဖြင့် ရေဘေးသင့်ပြည်သူ ၄၇၃၆ ဦးတို့သည် ယာယီရေဘေးကယ်ဆယ်ရေးစခန်း ရှစ်ခုတွင် ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

မြဝတီမြို့ရှိ ရေဘေးသင့်ပြည်သူများ ပြောင်းရွှေ့နေထိုင် အဆင်ပြေစေရန်အတွက် ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၏ ကြီးကြပ်မှုဖြင့် ရှာဖွေ/ကယ်ဆယ်ရေးစုရပ်ငါးခု ကြိုတင်စုဖွဲ့ထားပြီး ကယ်ဆယ်ရေးစခန်း ၁၁ ခု ကြိုတင်ပြင်ဆင်ထားရှိကာ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတနှင့် လူမှုကူညီရေးအသင်းများက အချိန်နှင့်တစ်ပြေးညီ အုပ်ချုပ်မှု၊ ထောက်ပံ့မှု၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြသည်။

ဇူလိုင်၂၄ ရက်အထိ အိမ်ထောင်စု ၁၁၇၉ စု၊ ကျား ၂၃၇၈ ဦး၊ မ ၂၃၅၈ ဦး စုစုပေါင်း ၄၇၃၆ ဦး တို့အားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း ဦးဆောင်၍ တာဝန်ရှိသူများနှင့် အလှူရှင်များက လှူဒါန်းသည့်ထောက်ပံ့ရေးပစ္စည်းများ၊ ဆန်၊ ဆီ၊ ငါးသေတ္တာ၊ ကြက်သွန်နီ၊ ဆပ်ပြာ၊ ဆား၊ အချိုမှုန့် စသည့်စားသုံးကုန်ပစ္စည်းများ အပြင် ထမင်းဘူးများကို ရေဘေးသင့်ပြည်သူများအား လှူဒါန်းခဲ့ကြောင်းနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့ကလည်း ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ ငါးသေတ္တာ၊ ကြက်ဥ၊ ငွေသားနှင့် မုန့်များ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

# နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) များအား Biometric အချက်အလက်များနှင့် UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်**

နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား) များအား ဇီဝဆိုင်ရာအချက်အလက်များ (Biometric) ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်း လုပ်ငန်းကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဦးစီးမှူးရုံး၌ ဆောင်ရွက်ပေးလျက်ရှိသည်။



လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဝင်းထွန်း၏ ဦးဆောင်မှုဖြင့် ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား)များအား ဇီဝဆိုင်ရာအချက်အလက်များကောက်ယူခြင်းနှင့် UID နံပါတ်များ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၁ ရက်မှ ၂၅ ရက်အထိ စုစုပေါင်း ၄၂၂ ဦး ဆောင်ရွက်ပြီးစီးခဲ့ပြီး ကျန်ရှိနေသူများအား ဆက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**အေးမဉ္ဇူ**

**မြန်အောင်**

ရေဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ ပင်စင်ထုတ်ယူရာတွင် ပိုမိုလျင်မြန်လွယ်ကူစွာထုတ်ယူရရှိနိုင်စေရေး၊ လစာ လိမ်လည်ထုတ်ယူခြင်းမှ ကင်းဝေးစေရေး၊ လူပုဂ္ဂိုလ်မှန်ကန်မှု ရှိ/မရှိ စိစစ်နိုင်ရေးတို့အတွက် UID Smart Card များကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ ကွင်းဆင်းဆောင်ရွက်သည်။



မြန်အောင်မြို့နယ်၌ UID နံပါတ် ထုတ်ပေးခြင်းများကို မြန်မာ့စီးပွားရေးဘဏ် မြို့နယ်ဘဏ်မန်နေဂျာ ဦးမြတ်မင်းထက်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ဇူလိုင် ၂၅ ရက်အထိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ၇၀၅ ဦး ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

**ရောဦးသာ**



**ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက ရန်ကင်းမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID နံပါတ်ထုတ်ပေးခြင်း ဆောင်ရွက်နေမှုကိုတွေ့ရစဉ်။** လှလှထွေး(ပြန်/ဆက်)

**ကြို့ပင်ကောက်**

ပဲခူး တိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ အိမ်ထောင်စုစာရင်း၊ နိုင်ငံသား စိစစ်ရေး ကတ်ပြားများနှင့် Biometric စာရင်းကောက်ယူ၍ UID နံပါတ်ထုတ်ပေးခြင်းတို့ကို ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၂၅ ရက်နံနက်ပိုင်းက နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား မြန်မာ့စီးပွားရေးဘဏ်၌ Biometric စာရင်းကောက်ယူလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ကြို့ပင်ကောက်မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးကျော်စိုး ဦးဆောင်၍ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ရုံးတွင် ပင်စင်လစာ လာရောက်ထုတ်ယူသည့် နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား Biometric စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို ဇူလိုင်၂၁ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ရှိသူများအား ဆက်လက် ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) သရုပ်ပြရှင်းလင်းခြင်းနှင့် လက်တွေ့စမ်းသပ် မဲပေးခြင်းဆောင်ရွက်



နေပြည်တော် ဇူလိုင် ၂၅

မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် မဲပေးစက် လက်တွေ့သရုပ်ပြမဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်ရှိ မေဃဝတီခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

**လိုက်လံကြည့်ရှု**

ဦးစွာ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြု၍ မဲပေးခြင်း ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အရာရှိ၊ စစ်သည်၊ မိသားစုများက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)တွင် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်း၊ တာဝန်ရှိသူများက မဲရလဒ်များ ထုတ်ယူကြည့်ရှုစစ်ဆေးခြင်းများကို သရုပ်ပြသကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မုဒုံမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်း အခမ်းအနားကျင်းပ



မုဒုံ ဇူလိုင် ၂၅

မွန်ပြည်နယ် မုဒုံမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) လက်တွေ့ သရုပ်ပြစမ်းသပ်မဲပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက အထက(၁) ကျောင်းရှိ ရှင်အရဟံခန်းမ၌ ကျင်းပရာ ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်၊ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ပြည်နယ် ရွေးကောက်ပွဲအရာရှိ ဦးဟိဏ်းလင်းထက်၊ တပ်နယ်မှူး၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်အစိုးရအဖွဲ့ဝင် ဦးစောကြည်နိုင်က မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုခြင်းဖြင့် ပယ်မဲမရှိခြင်း၊ မဲပေးရလွယ်ကူခြင်း၊ မဲရလဒ်များ မြန်မြန်ဆန်ဆန် သိရှိနိုင်ခြင်းစသည့် အကျိုးရလဒ်များစွာကို ရရှိမည်ဖြစ်ကြောင်းနှင့်နည်းပညာများတိုးတက်လာသော ခေတ်နှင့်အညီ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲများတွင်လည်း အီလက်ထရောနစ်မဲပေးစက်များဖြင့် လွတ်လပ်၍ တရားမျှတသော၊ ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြီးမားသည့်အထောက်အကူ ဖြစ်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ရွေးကောက်ပွဲအရာရှိက မဲပေးစက်အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ အကြောင်းအရာများ ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသူများက လက်တွေ့စမ်းသပ်မဲပေးခြင်းနှင့် သိရှိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သိရသည်။

**ရာမည(ပြန်/ဆက်)**

■ မုန်တိုင်းငယ်မှ

**ခန့်မှန်းချက်**

အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် ဂျက်ခမ်းပြည်နယ်တို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ မုန်တိုင်းငယ်၏အရှိန်ကြောင့် လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအလွန်ကောင်းနေခြင်းကြောင့် လည်းကောင်း ယနေ့ညမှ ဇူလိုင် ၂၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၄ ပေမှ ၁၆ ပေခန့် ရှိနိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၄ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# နှိပ်စက်ညှဉ်းပန်းခဲ့သည့် ဒဏ်ရာများဖြင့် ဆေးဝါးကုသခွင့်မရဘဲ အကျဉ်းသူ မဝတ်ရည်အောင် ကွယ်လွန်သည်ဟု မဟုတ်မမှန် ရေးသားဖြန့်ဝေ

နေပြည်တော် ဇူလိုင် ၂၅

အင်းစိန်ဗဟိုအကျဉ်းထောင်တွင် တပ်မတော်၏ စစ်ကြောရေးအတွင်း နှိပ်စက်ညှဉ်းပန်းခဲ့သည့် ဒဏ်ရာများဖြင့် ဆေးဝါးကုသခွင့်မရဘဲ နိုင်ငံရေးအကျဉ်းသူ မဝတ်ရည်အောင်ကွယ်လွန်သည်ဟု Khit Thit Media အမည်ခံ Facebook Page ၌ အများပြည်သူ အထင်အမြင် လွဲမှားစေရန် မဟုတ်မမှန် ရေးသားဖြန့်ဝေထားသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန် စိစစ်ရာတွင် အကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသား အကျဉ်းသူဟူ၍ မရှိဘဲ တည်ဆဲဥပဒေ တစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသူများသာရှိပြီး အကျဉ်းသူ မဝတ်ရည်အောင်သည် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က၊ အကြမ်းဖက် ၅၂(က)ဖြင့် ပြစ်ဒဏ်ကျခံနေရသူဖြစ်ကြောင်း၊ ယင်းအကျဉ်းသူသည် အတက်ရောဂါ၊ လေဖြန်းခြင်းနှင့် သွေးတိုးရောဂါခံစားနေရသူဖြစ်ကာ အကျဉ်းထောင်ဆေးရုံ၌ ငါးကြိမ်၊ အင်းစိန်ပြည်သူ့ဆေးရုံကြီး၌ ၁၀ ကြိမ် ဆေးကုသပေးခဲ့ကြောင်း သိရသည်။

ဇူလိုင် ၁၉ ရက်တွင် အတက် ရောဂါဝေဒနာ ထပ်မံခံစားနေရသဖြင့် အကျဉ်းထောင်ဆေးရုံအုပ်က အနီးကပ်ကြပ်မတ် ကုသပေးခဲ့သော်လည်း သက်သာလာခြင်းမရှိသဖြင့် ယင်းနေ့တွင် အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ အရေးပေါ်တင်ပို့ကုသပေးခဲ့ပြီး ဇူလိုင် ၂၀ ရက်တွင် အတက်ရောဂါ၊ ဦးနှောက်ရောင်ရမ်းခြင်း၊ နှလုံးအားနည်းခြင်း ရောဂါတို့ဖြင့် သေဆုံးသွားခဲ့ခြင်းဖြစ်သဖြင့် အကျဉ်းထောင်အတွင်း ရောက်ရှိချိန်တွင် လုံလောက်သည့် ဆေးဝါးကုသခွင့် မရသည်ဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း အကျဉ်းထောင် တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

အင်းစိန်ဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိနှင့် အကျဉ်းထောင်ဆရာဝန်တို့သည် အိပ်ဆောင်/တိုက်ခန်းများသို့ လှည့်လည်စစ်ဆေးချိန်များတွင် အကျဉ်းသား အကျဉ်းသူများ၏ကျန်းမာရေးနှင့် နေထိုင်စားသောက်ရေးတို့ကို မေးမြန်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အကျဉ်းထောင်ဆေးရုံအုပ်က အိပ်ဆောင်များ၌ ကျန်းမာရေးနှင့်ပတ်သက်သည့် အသိပညာပေး ဟောပြောဆွေးနွေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ လိုအပ်သည့်ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အလားတူ သထုံအကျဉ်းထောင်တွင် အကျဉ်းကျခံနေရသော NLD အလုပ်အမှုဆောင် ဦးပြည့်စုံအောင် ရုတ်တရက် ကွယ်လွန်သွားပြီး ထောင်က အလောင်းကို နေ့ချင်းမီးသင်္ဂြိုဟ်သည်ဟု Khit Thit Media အမည်ခံ Facebook Page က မဟုတ်မမှန် ရေးသားဖြန့်ဝေထားသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ အကျဉ်းသား ပြည့်စုံအောင်သည် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က၊ အကြမ်းဖက် ၅၂(က)ဖြင့် ပြစ်ဒဏ်ကျခံနေရသူဖြစ်ပြီး အကျဉ်းထောင်သို့ မရောက်ရှိမီ ပြင်ပတွင်နေထိုင်စဉ်ကတည်းက ဆီးချိုရောဂါခံစားနေရသူဖြစ်ကြောင်း၊ ဆီးချိုရောဂါကြောင့် အကျဉ်းထောင်ဆေးခန်းနှင့် သထုံခရိုင်ဆေးရုံကြီးတို့တွင် ဆေးဝါးကုသမှုများပေးခဲ့သည်။

ဇူလိုင် ၁၈ ရက်တွင် ဆီးချိုရောဂါကြောင့် အသက်ရှူကျပ်၍ သထုံခရိုင်ဆေးရုံကြီးသို့ တင်ပို့ကုသပေးခဲ့သော်လည်း သက်သာလာခြင်းမရှိဘဲ ဇူလိုင် ၁၉ ရက် မွန်းလွဲပိုင်းတွင် အဆိုပါရောဂါဖြင့် သေဆုံးသွားခဲ့ခြင်းဖြစ်ပြီး အကျဉ်းသား သေဆုံးမှုနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ မိသားစုဝင်များထံ ဆက်သွယ်အကြောင်းကြားခဲ့ရာ ၎င်း၏ညီမဖြစ်သူ တစ်ဦးသာ လာရောက်၍ လမ်းခရီးအခက်အခဲကြောင့် ချက်ချင်းသင်္ဂြိုဟ်ပေးရန် အကူညီတောင်းခံသည့်အတွက် ချက်ချင်းသင်္ဂြိုဟ်ပေးခဲ့ခြင်းဖြစ်သည်။

အကျဉ်းထောင်တွင် အိပ်ဆောင်အလိုက် အဆောင်မှူးများက နာမကျန်းဖျားနာသူများရှိ/မရှိ နေ့စဉ်မေးမြန်းလျက်ရှိပြီး အချိန်မီ အကျဉ်းထောင်ဆေးရုံသို့ တက်ရောက်ကုသပေးခြင်း၊ လိုအပ်ပါက ပြင်ပဆေးရုံကြီးများသို့ တင်ပို့ကုသပေးခြင်း၊ ပြင်ပအထူးကု ဆရာဝန်များအား ပင့်ဖိတ်၍ ကုသပေးခြင်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် Khit Thit Media ၏ ဖော်ပြမှုများသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာဖြစ်ကြောင်း သိရသည်။ **သစ္စာ**

❂ ကျောဖုံးမှ

ဂိုးပြတ်အနိုင်ရခဲ့သဖြင့် ထိပ်ဆုံးတွင် အမှတ်ဖြတ်ဦးဆောင်နိုင်ခဲ့သည်။

ပွဲစဉ်(၈) အပြီးတွင် YRG အသင်းက ရမှတ် ၂၀၊ Thunder Tigresses အသင်းနှင့် Divine အသင်းတို့က ၁၆ မှတ်စီ၊ ရန်ကုန်စီးတီးအသင်းနှင့် အား/ကာသိပ္ပံအသင်းတို့က ၁၁ မှတ်စီ၊ Pacific Sun Far အသင်းက ၁၀ မှတ်၊ Winner Generations အသင်းက ငါးမှတ် ရရှိထားကာ မင်္ဂလာဒုံစီးတီးအသင်းမှာမူ ပွဲတိုင်းအရေးနိမ့်ပြီး အမှတ်မရသေးပေ။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-MFF**

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် လျှပ်စစ်သွယ်တန်း တပ်ဆင်ခြင်းသင်တန်း ဖွင့်ပွဲတက်ရောက်

ရန်ကုန် ဇူလိုင် ၂၅

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း၌ ကျင်းပသည့် လျှပ်စစ်သွယ်တန်း တပ်ဆင်ခြင်းသင်တန်း အမှတ်စဉ်(၁/၂၀၂၅) သင်တန်း ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဖွင့်ပွဲတွင် ဒုတိယဝန်ကြီးက အလုပ်သမားဝန်ကြီးဌာနသည် မြန်မာလုပ်သားထုစွမ်းဆောင်ရည် တိုးတက်မြင့်မားစေရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းများ ဖွင့်လှစ်၍ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း၊ သင်တန်းသားများ အနေဖြင့် လုပ်ငန်းဆိုင်ရာ စာတွေ့လက်တွေ့ပို့ချမှုများကို နာခံလိုစိတ်ဖြင့် မှတ်သားသင်ယူပြီး သင်တန်းပြီးဆုံးချိန် သက်ဆိုင်ရာလုပ်ငန်းခွင်များ၌ ပြန်လည်အသုံးချ လုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် မိမိတို့ဆောင်ရွက်ရသည့် အလုပ်အပေါ် စိတ်စေတနာ ကောင်းထားပြီး အချင်းချင်း စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိတို့လူနေမှုဘဝ တိုးတက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်








## ဟသ်ာတမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

ဟသ်ာတ ဇူလိုင် ၂၅

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်ရှိ ပဆင – ရုံးတောစု– ဆင်မသေ–ဆင်မသေ(မ)–နင်းဂျမ်းဦးလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ဇူလိုင် ၂၄ ရက်က ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုး ရေးဝန်ကြီးဌာန ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေး၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဇော်နိုင်ဝင်းတို့က ဟသ်ာတမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန တာဝန်ရှိသူများနှင့်အတူ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် Myanmar Land & Development Co.,Ltd. က ဆောင်ရွက်မည့် ပဆင – ရုံးတောစု – ဆင်မသေ–ဆင်မသေ(မ)–နင်းဂျမ်းဦးလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မွန်ပြည်နယ် ရေးခရိုင် စုပေါင်းရိုးဖွင့်ပွဲ ကျင်းပ

ရေး ဇူလိုင် ၂၅

မွန်ပြည်နယ် ရေးခရိုင် စုပေါင်းရိုးဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါစုပေါင်းရိုး ရှေ့မျက်နှာစာ မင်္ဂလာနေရာ၌ ကျင်းပရာ ရေးမြို့နယ် မရမ်းကျောင်းတိုက်မှ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဒေါက်တာ အရှင်ပညာဇောတ၊ ကျိုက်ဒေတမော့ဇရတ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပုပ္ဖရမ္မ၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်မျိုးထိုက်၊




ဗိုလ်မှူးကြီး ကောင်းဇော်မြင့်၊ ရေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းမင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး စုပေါင်းရိုးဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် အခြေခံပညာကျောင်းများမှ ဘင်ခရာ/ ပန်းဖွားအဖွဲ့ ကျောင်းသူလေးများက ဇာတိမာန် တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ပေးပြီး တာဝန်ရှိသူများက ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ဆရာတော်၊ သံဃာတော်များ ဦးဆောင်၍ ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်ခြင်းနှင့် အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပေးခြင်းကို တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များက နာယူကြည်ညိုပူဇော်ကြပြီး ဝါဆိုသင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပေးကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

ရှင်းသန့်ဖြူ

## လွိုင်ကော်မြို့၌ အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်နိုင်ရေး လက်တွေ့သရုပ်ပြ

လွိုင်ကော် ဇူလိုင် ၂၅

ကယားပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးတို့ ပူးပေါင်း၍ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်နိုင်ရေး လက်တွေ့သရုပ်ပြခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့မရဲစခန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ကယားပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ထွန်းအောင်က အမှိုက်ခွဲခြားစွန့်ပစ်ရန် အရောင်ခွဲခြားသတ်မှတ်ထားသည့် အမှိုက်ပုံး အမျိုးအစားများ၊ ခွဲခြားစွန့်ပစ်ရမည့် အမှိုက်အမျိုးအစားများကို Power Point ဖြင့် ရှင်းလင်းပြောကြားပြီး ကယားပြည်နယ်ရဲတပ်ဖွဲ့မှူး ပြည်နယ်ရဲမှူးကြီး မောင်မောင်ဦးက အမှိုက်ပုံးများ ပေးအပ်ခြင်း၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား သတ်မှတ် အမှိုက်ပုံး အရောင်များအလိုက် အမှိုက်ခွဲခြား စွန့်ပစ်ခြင်းများကို လက်တွေ့ပါဝင် ဆောင်ရွက်စေခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုတွတ်(ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်–

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇–၃၄၀၄၉၁၁၊ ၀၆၇–၃၄၀၄၉၂၂၊ ၀၆၇–၃၄၀၄၉၃၃၊ ၀၆၇–၃၄၀၄၉၄၄၊ ၀၆၇–၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇–၄၅၅၀၄၈၈၊ ၀၆၇–၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉–၃၄၉၀၃၅၅၃၄၊ ၀၉–၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉–၃၄၉၀၁၅၈၄၇၊ ၀၉–၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈–၂၀၂၄၅၃၀၊ ၀၅၈–၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀–၂၀၂၂၃၆၈၊ ၀၇၀–၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉–၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁–၂၀၃၂၀၉၁၊ ၀၇၁–၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉–၂၀၂၄၀၃၇၊ ၀၅၉–၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂–၂၂၀၁၉၃၉၊ ၀၅၂–၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃–၂၀၂၈၈၇၈၊ ၀၆၃–၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂–၄၀၂၁၂၄၅၊ ၀၂–၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇–၂၀၂၇၉၃၅၊ ၀၅၇–၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉–၂၅၅၀၀၂၅၁၇၊ ၀၉–၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁–၈၃၀၀၀၁၆၊ ၀၁–၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁–၂၁၂၄၅၄၀၊ ၀၈၁–၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂–၂၀၂၅၉၉၃၊ ၀၄၂–၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉–၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## အများသိစေရန်အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ-၁၅ ၊ မြေကွက်အမှတ် ၁၅၅၉/က ၊ ဧရိယာ (၀.၀၂၇၅)ကေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၁၅၅၉/က)၊ ကျန်စစ်သားလမ်း၊ (၁၉)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင် ရောင်းချခွင့်ရှိသူများဖြစ်သော **(၁) ဒေါ်ဖြိုးအိအိအောင် [၁၂/ရပသ(ပြု)၀၀၀၀၅၈]နှင့် (၂) ဦးဟိန်းလင်း(ခ)သာစိုး [၁၄/ဟသတ(နိုင်)၂၂၄၀၉၂]တို့ (၂)ဦး**ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ အမှတ် (၄၉/A) တွင် တည်ရှိသော ဆုတောင်းပြည့်စရီမာရီယမ္မာန်မယ်တော်ကြီးဘုရားကျောင်း ယာယီထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဆုတောင်းပြည့် စရီမာရီယမ္မာန်မယ်တော်ကြီးဘုရားကျောင်း၏ ဂေါပကအဖွဲ့လုပ်ငန်းစဉ်များကိုဆောင်ရွက်ရန်နှင့် ဘုရားကျောင်းပိုင်ဝတ္တကမြေများ၊ အဆောက်အဦးများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် ဘုရားကျောင်းတော် ယာယီထိန်းသိမ်းရေးကော်မတီကို မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က (၂၅-၂-၂၀၂၅)ရက်နေ့ နေ့စွဲပါ စာအမှတ်-AMHCC/MS/S-062 ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်၍ စီမံအုပ်ချုပ်မှုကိစ္စအဝဝကို မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် ဆုတောင်းပြည့် စရီမာရီယမ္မာန်မယ်တော်ကြီးဘုရားကျောင်း ယာယီထိန်းသိမ်းရေးကော်မတီမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဆုတောင်းပြည့် စရီမာရီယမ္မာန်မယ်တော်ကြီးဘုရားကျောင်း၏ မြေတိုင်းရပ်ကွက်အမှတ်- ၁၃၊ မြေကွက်အမှတ်- ၁၃၊ ဧရိယာ (၂.၀၄၉) ကေ အမည်ပေါက် (၁/၆/၉)ရပ်ကွက်ရှိ သာသနာ့မြေ (ဝတ္တကမြေများ)၊ ဘုရားကျောင်းပိုင်အဆောက်အဦးများနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများအား မည်သူတစ်ဦးတစ်ယောက်မှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ မေတ္တာဖြင့်ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ စွန့်လွှတ်ခြင်း၊ အဆောက်အဦဆောက်လုပ်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်း စသည်တို့ကို သာသနာပိုင်မြေအတွင်း ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကျော်မြတ်သူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၅၆)**
**အမှတ် (၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း (လမ်းတို)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၃၈၀၀၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၂၄၊မြေကွက်အမှတ်-၂၁၈၊မြေကွက်တည်နေရာအမှတ်-၂၁၈၊အောင်စည်းစိမ်လမ်း၊(၁၂၄)ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ဦးသန်းထွန်း(၁၂/သဃက(နိုင်)၁၀၅၆၇၀)အမည်ပေါက်ပါမစ်မြေအားအမည်ပေါက်ကိုယ်တိုင်မှပါမစ်မူရင်းပျောက်ဆုံးသည်မှာမှန်ကန်ကြောင်းရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ကိုယ်တိုင်ဝန်ခံချက်နှင့်ကျမ်းကိုန်လွှာ၊ပါမစ်မိတ္တူ၊နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ပါမစ်ပျောက်ဖြင့်ဂရန်သစ်လျှောက်ထားလာခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာမြေပေါ်တွင်အဆောက်အဦ(၂)လုံးရှိပါသည်။ယာဘက်တစ်ထပ်ကျောက်ပြားကာသွပ်မိုးတွင်လျှောက်ထားသူထံမှ(၂၀'×၆၀')ဝယ်ယူထားသူဒေါ်ခိုင်ခိုင်ဝင်း၏အိမ်ငှားဦးဝင်းနိုင်မိသားစုနေထိုင်ပြီးဝဲဘက်တစ်ထပ်တိုက်တွင်လျှောက်ထားသူထံမှ(၂၀'×၆၀')ဝယ်ယူထားသူဒေါ်ရူပ(ခ)ဒေါ်ဝင်းဝင်းအေးမိသားစုနေထိုင်ပါသည်။လျှောက်ထားသူမှမြေပြင်ကွင်းဆင်းစစ်ဆေးသည်ကိုသိရှိကြောင်းလက်မှတ်ရေးထိုးပေးပြီးဝင်စာအမှတ်(၁၆၄၃/၁၃-၂-၂၀၂၅)ဖြင့်(၄၀'×၆၀')မြေကွက်အား(၂၀'×၆၀')စီခွဲ၍ရောင်းချထားပြီးဖြစ်ကြောင်းနှင့်အခြားအရှုပ်အရှင်းမမှန်မကန်ပြုလုပ်ထားခဲ့ခြင်းအလျှင်းမရှိပါကြောင်း၊မြေကွက်အားဝယ်ယူထားသူတို့နှင့်အိမ်ငှားနေထိုင်သူတို့မှလည်းဦးသန်းထွန်း၏ပါမစ်ပျောက်ဖြင့်ဂရန်သစ်လျှောက်ထားခြင်းအားကန့်ကွက်ရန်မရှိသိရှိသဘောတူကြောင်းဝန်ခံကတိပြုလက်မှတ်ရေးထိုးတင်ပြထားပါသည်။သို့ဖြစ်ပါ၍ဦးသန်းထွန်းမှပါမစ်ပျောက်ဖြင့်ဂရန်သစ်လျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (က)ရပ်ကွက်၊ (၅၁)လမ်း (အလယ်)၊ အမှတ် (၁၁၂/၁၁၄) ဟုခေါ်တွင်သော (၂)ခန်းတွဲ၊ (၈)ထပ်တိုက်အနက်မှ (မြေညီထပ်) (တိုက်ကိုမျက်နှာ မူလျှင်- ညာဘက်ခြမ်း)၊ အကျယ်အဝန်း (၁၅'x၅၈')ပေရှိ တိုက်ခန်း (၁)ခန်းနှင့် ရေ၊ မီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်မှာ ဦးခင်မောင်လေး(ခ)ရာဂျူး [၉/မနမ(နိုင်)၀၉၁၄၄၀]ကိုင်ဆောင်သူမှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်မာမာသိန်း (LL.B)** | **ဒေါ်နီနီဝင်း (LL.B)** |
| **(စဉ်-၈၇၉၂)** | **(စဉ်-၅၁၇၁၈)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်- ၁၈၊ မြေညီထပ်၊ ဦးဖိုးကျားလမ်း၊**
**ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၅၀၆၄၉၅၉၊ ၀၉-၄၂၀၀၂၇၃၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ယမုံနာ (၁)ရပ်ကွက်၊ (၁၆)လမ်းအထက်၊ တိုက်အ မှတ် (၄၃၁)၏ ပေ (၁၂½x၅၀)ကျယ်ဝန်းသည့် (၅)ထပ်တိုက်၏ ဒုတိယထပ်(၃)လွှာ(B)၊ ခြေရင်းခြမ်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ယုယုခိုင်(ဘ) ဦးသန်းစိန် [၁၄/ပသန(နိုင်)၁၅၂၈၇၂]မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်ယမုံဇော်(LL.B(Q),HGP)** | **ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၄၂၄)** |

**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊**
**မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၈၈၅၀၃၂၃၁၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၃၉)၊ ဦးပိုင်အမှတ်(၁-ခ)၊ ၂၆ လမ်း၊ ၉၀x၉၁ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးကျုံလင်း(ခ) ကျော်လင်း [၉/မနတ (နိုင်) ၀၉၅၈၇၉]က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-( ၃၆-ဂျေ )၊ မြေကွက်အမှတ်-( ၁၁၄အိုင်/၂အေ+ ၁၁၄ဂျေ/၃အေ + ၁၁၄ကေ/၁အေ )အရ မြေဧရိယာ-( ၀. ၁၁၉ )ဧကရှိ အမှတ်-(၉)၊ ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်ဟုခေါ်တွင်သော မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးကြည်သာဟန် (၁၃/မဖန(နိုင်) ၀၁၃၃၀၀)အမည်ဖြင့်မှတ်သားထားပြီး၊ ဦးကြည်သာဟန်ထံမှ ဝယ်ယူပိုင်ဆိုင်သူ ငွေအောင်စည်ဟိန်းကုမ္ပဏီလီမိတက်၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ်-(၁၀၁၁၄၂၉၈၁)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်စရံငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားဖြင့် ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ၄င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို အပြီးချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ခိုင်ဇင်လတ်(ဥပဒေဘွဲ့)
အထက်တန်းရှေ့နေ(စဉ်-၃၇၉၅၀)
အမှတ်-(၁၇၆)၊ ပထမထပ်၊ မိဘာရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၁-၈၃၉၇၂၃၄၊ ၈၃၉၇၂၃၅၊၈၂၉၆၁၃၂။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်ထက်လင်း [၁၄/ဒဒရ(နိုင်)၂၂၇၅၈၄] (CDC – 136763)၏ စီဒီစီစာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-699302602**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ် (၁၁၂)၊ ဦးပိုင်အမှတ် (၃၀-က+၃၁-က)၊ လမ်း ၉၀၊ ၂၁x၂၂ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်မေသဥ္ဇာအောင် [၉/ခအဇ (နိုင်) ၀၃၂၈၈၉]က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ်- ၄၇၁၊ ဦးပိုင်အမှတ်- ၅၆-က၊ ၈၂x၈၄ ကြား၊ သခင်ဖိုးလှကြီးကွင်းအနီးရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်အေးအေးနွဲ့ [၉/မရတ (နိုင်)၁၀၁၀၀၄]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်၊ ဖဖ-၂၊ ဦးပိုင်အမှတ်- ၇၅ ခဲစင်း ရှေ့ခြမ်း+နောက်ခြမ်း၊ ၁၁၀-D လမ်း၊ ၅၂x၅၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးခင်မောင် [၉/မနတ (နိုင်) ၀၇၇၄၂၄]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၈၂၂၉/၂၀၂၂) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသိန်းဌေးနိုင် [၉/ခမစ(နိုင်)၀၁၃၇၅၃]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## (၂၂-၇-၂၀၂၅)ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၂၅)ပါ ဒေါ်သန်းသန်းယု ထည့်သွင်းထားသည့် အများသိစေရန် ကြော်ငြာအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

(၂၂-၇-၂၀၂၅)ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၂၅)တွင် ဒေါ်သန်းသန်းယု [၁၂/သဃက (နိုင်) ၁၆၆၃၄၄] ထည့်သွင်းထားသည့် ကြေညာချက်နှင့်ပတ်သက်၍ အဆိုပါ ယာဉ်အမှတ်-(5D/3798)၊ ယာဉ်အမျိုးအမည်- (TOYOTA RAV4 ACA21)၊ ယာဉ်အမျိုးအစား-(STATION WAGON (4 x 4)(R) ကိစ္စ အားပြေလည်အောင် ဖြေရှင်းပြီးဖြစ်သည့်အတွက် အဆိုပါ ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်သန်းသန်းယု** | **ဒေါ်သီဂီစိုး** |
| **[၁၂/သဃက(နိုင်)** | **(LL.B,D.B.L, D.I.L, D.I.P.L, D.M.L)** |
| **၁၆၆၃၄၄]** | **အထက်တန်းရှေ့နေ (စဉ်-၃၅၉၄၈)** |

**အမှတ်(၃၁/A)၊ မြေညီထပ်(B)၊**
**ကန်လမ်း၊ ရွာမအရှေ့ရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၁၈၆၃၈၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၅)၊ မြေကွက်အမှတ် (၁၅၃၉) ဟုခေါ်တွင်သော အိမ်အမှတ်(၁၅၃၉)၊ (၈၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဒေါ်ခင်ထွေး (ဘ) ဦးအုန်းမှတ် [၁၀/ကမရ(နိုင်)၀၁၆၈၅၇] အမည်ပေါက်၊ ပေ(၄၀x၆၀) ကျယ်ဝန်းသည့် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ကိုယ်တိုင် လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချမည်ဖြစ်ကြောင်း ဒေါ်ခင်ထွေး (ဘ) ဦးအုန်းမှတ် [၁၀/ကမရ(နိုင်)၀၁၆၈၅၇]မှ ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်ယမုံဇော်(LL.B(Q),HGP)** | **ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၄၂၄)** |

**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊**
**မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၈၈၅၀၃၂၃၁၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၀)၊ မြေကွက်အမှတ် (၂၀၇/က) ဟုခေါ်တွင်သော အိမ်အမှတ်(၂၀၇/က)၊ ဆုထူးပန်(၃)လမ်း၊ (၇၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဒေါ်မြချစ် (ဘ) ဦးလည် [၁၂/ဗဟန(နိုင်)၀၂၁၉၂၅] အမည်ပေါက်၊ ပေ(၂၀x၆၀) ကျယ်ဝန်းသည့် ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ပေ(၁၀x၆၀) ကျယ်ဝန်းသည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်အစပ်များဖြင့် လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးလှိုင်ဝင်းကို (ဘ) ဦးဇော်ဝင်း [၇/သကန(နိုင်) ၀၈၁၈၄၈]နှင့် ဒေါ်ခိုင်သင်းကြည် (ဘ) ဦးစံရင် [၁၂/ဒဂတ(နိုင်)၀၀၂၉၀၇]မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်း အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်ယမုံဇော်(LL.B(Q)HGP)** | **ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)** | **အထက်တန်းရှေ့နေ(စဉ်- ၅၅၄၂၄)** |

**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊**
**မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၈၈၅၀၃၂၃၁၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ် (၇၅၃) ဟုခေါ်တွင်သော အိမ်အမှတ်(၇၅၃)၊ ဆည်မြောင်း (၄)လမ်း၊ (၁၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဒေါ်သန်းသန်းအေး (ဘ) ဦးကျော်သိန်း [၁၂/ဥကတ(နိုင်)၀၂၄၄၃၂] အမည်ပေါက်၊ ပေ(၄၀x၆၀) ကျယ်ဝန်းသည့် နှစ်(၆၀) ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အိမ်အမှတ်(၇၅၂)နှင့် ကပ်လျက် ပေ(၂၀x၆၀) ကျယ်ဝန်းသည့် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂ ထပ်ခွဲ)တိုက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်အစပ်များဖြင့် လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချမည်ဖြစ်ကြောင်း ဦးကျော်ဖြိုးဝေ (ဘ) ဦးရဲလင်း [၁၄/ဟကက(နိုင်) ၀၂၅၀၁၂]မှ ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်ယမုံဇော်(LL.B(Q),HGP)** | **ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၄၂၄)** |

**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊**
**မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## SHWE LAT PAN (SMA)MYANMAR COMPANY LIMITED

### အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၅ ပြည့်နှစ်၊ ဇူလိုင်လ (၁၇)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ **SHWE LAT PAN (SMA)MYANMAR COMPANY LIMITED** အား (၂၂-၇-၂၀၂၅)ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ယင်းစာရင်းရှင်းလင်းဖျက်သိမ်းရာတွင် Daw San San Maw အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်များကို ၂၀၂၅ ပြည့်နှစ်၊ ဩဂုတ်လ (၂၁)ရက်နေ့ကို နောက်ဆုံးထား၍ ယင်းစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**Daw San San Maw**
**B.COM (Q), CPA**
**Certified Public Accountant & Auditor**
**Liquidator. [MAIP-00188]**
**Ph:09-253254656**

## SHWE MYAT SU COMPANY LIMITED

### အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၅ ပြည့်နှစ်၊ ဇူလိုင်လ(၁၇)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သောအဖွဲ့ဝင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ **SHWE MYAT SU COMPANY LIMITED** အား (၂၃-၇-၂၀၂၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ယင်းစာရင်းရှင်းလင်းဖျက်သိမ်းရာတွင် Daw San San Maw အား စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်များကို ၂၀၂၅ ပြည့်နှစ်၊ ဩဂုတ်လ (၂၂)ရက်နေ့ကို နောက်ဆုံးထား၍ ယင်းစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**Daw San San Maw**
**B.COM (Q), CPA**
**Certified Public Accountant & Auditor**
**Liquidator. [MAIP-00188]**
**Ph:09-253254656**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရန်ကုန်သစ်၊ မြေကွက်အမှတ်-၅၄၂၊ ဧရိယာ-၈၀၀ စတုရန်းပေ၊ မြေကွက်တည်နေရာ(အမှတ်-၃၉၊ အောင်ဇေယျ(၃)လမ်း-ယာ၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်) ဒေါ်လှအေး [၁၂/သဃက(နိုင်)၁၂၉၅၈၂] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဒေါ်လှအေး (အဘွား) နှင့် (အဘိုး)ဦးဗစိန်တို့ကွယ်လွန်ပြီး မွေးဖွားသားတစ်ဦးဖြစ်သူ ဦးတင်မြင့် (ဖခင်)နှင့် ဒေါ်ခင်နု (မိခင်)တို့ အသီးသီး ကွယ်လွန်ကြသဖြင့် ဒေါ်အေးအေးသင်းမြင့် [၁၂/သဃက(နိုင်)၀၀၁၇၇၆]၊ ဦးမျိုးဆွေမြင့် [၁၂/သဃက(နိုင်)၀၄၂၆၇၇]တို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် မြေးများတော်စပ်ကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသောအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကျမ်းကျိန်လွှာ-၁၁/၁၄၃၁/၂၀၂၄(၁၈-၁၁-၂၀၂၄) ရက်နေ့ သန်းခေါင်စာရင်းတွင် ဒေါ်အေးသင်းမြင့်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် ဒေါ်အေးအေးသင်းမြင့်ဟု ဖော်ပြထားပါသဖြင့် ဒေါ်အေးသင်းမြင့်နှင့် ဒေါ်အေးအေးသင်းမြင့်မှာ တစ်ဦးတည်းဖြစ်ကြောင်း၊ အမည်မှန်မှာ မအေးအေးသင်းမြင့်ဖြစ်ကြောင်း ကျမ်းကျိန်လွှာ-၁၁/၁၄၃၂/၂၀၂၄ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

